www.burmeseclassic.com

# LOGO FOR SATAN

min khaike soe san



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၇၅၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၄၇၁၀၁၁

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၁ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

စေတန်ရဲ့တံဆိပ်/မင်းခိုက်စိုးစန်။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။
၁၄၉-စာ ၊ ၁၈.၅ X ၁၃.၅ စင်တီ။ (၁)စေတန်ရဲ့တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ကူညီညာဝိုင်းလို့ မှိုင်းမစေ

၂။ ဆူးရစ်သရဖူနဲ့ မြို့

၃။ တကယ့်အဖြစ်အပျက်ကိုရိုက်တဲ့ ရုပ်ရှင်

၄။ အပုပ်အသိုးကောင်များ

၅။ စေတန်ရဲ့တံဆိပ်

၆။ ဆေးစိမ်ထားသော အလောင်းကောင်များ

၇။ ကျောရိုးမဲ့တဲ့ စိတ်နဲ့ဆောင်း

၈။ သင်သိသမျှ ဖြည့်စွက်ထည့်သွင်းရေးသားပါ




www.burmeseclassic.com

www.burmeseclassic.com

# ကျူညီညာဝိုင်းလို့ မှိုင်းမဇေ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# ၁

အဘကံ ဟာ ရိုးလွန်းလို့ 'အ'တယ်ပဲပြောရမလားမသိဘူး။ ဘာကို မဆို ယုံလွယ်တော့တာ။ ရွာတောင်ဖျားက ထိန်ပင်မှာ သရဲကြီးရှိတယ် လို့ပြောရင်လည်း ယုံတာပဲ။

တောစောင့်နတ်၊ တောင်စောင့်နတ် ဆိုတာကိုလည်း ယုံတာပဲ။

ဘယ့်နှယ်ဗျာ. . . ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးအောင် ရမည်လို့ ပြောတာကိုတောင် ယုံသေးတာ. . .။

အဘကံကိုယ်တိုင်က သူများတွေအပေါ် တစ်ခါမှ မဟုတ်တာ မလုပ်တဲ့သူဆိုတော့ ဘယ်သူမဆို သူ့လိုချည်းပဲလို့ အောက်မေ့နေပုံရ တယ်။ အဲဒီမှာတင် အဘကံရဲ့သား ကိုမြဆောင်က သူ့အဖေကို ခပ် တည်တည်နဲ့ လိမ့်ချင်တိုင်းလိမ့်နေတော့တာပဲ။

ကိုမြဆောင်က 'ညနေ. . . ညနေ. . . စည်တယ်လေ. . .' ဆိုတဲ့ ပခန်းကိုကြီးကျော် သီချင်းသွားကလေးနဲ့ ဖိုးနီတို့ထန်းလက်ဖိုက ချပ်



www.burmeseclassic.com

www.burmeseclassic.com



အရက်ကလေး ရှိဝေရှိဝေငုံချင်တာကလား၊ ခက်တာက အဖေလုပ်တဲ့ အဘကံက သေရည်သေရက်ဆိုလို့ လျှာဖျားပေါ် တစ်စက်ကလေးတင် တာတောင် ကြိုက်တာမဟုတ်ဘူး။ ကိုမြဆောင်ကိုယ်တိုင်က အသက် (၄၀)နားချဉ်းနေပေမယ်လို့ 'မြဆောင်တစ်ယောက် အရက်ဝိုင်းထောင် နေသတဲ့. . .' ဆိုတဲ့ သတင်းများကြားရင် အဘကံက နီးရာထင်း ချောင်း ကောက်ပြီးလိုက်ရိုက်တာ။

ဒီကလောက်ဆုံးမနေမှဖြင့် ကိုမြဆောင်တစ်ယောက် ဘယ့်နှယ် လုပ်ပြီး 'အသောက်မှန်' နိုင်တော့မတုံး လို့ မေးစရာရှိတယ်။

သူ့နည်းနဲ့သူတော့ အလွယ်သား. . .။

ကိုမြဆောင်က သူ့အဖေယုံလွယ်မှန်းသိတော့. . . တရုတ်ကုန်စုံ ဆိုင်က ဖန်ပေါင်းချောင် ပုပုဝိုင်းဝိုင်းကြီးတစ်လုံးကို မရမကတောင်း တယ်။ ပြီးတော့ ဖိုးနီ ထန်းလျက်ဖိုက ဦးရည်သုံးလေးပုလင်းဝယ်၊ ဖန်ပေါင်းချောင်ထဲ အပြည့်ဖြည့်တော့တာ။

အရက်ချည်းသက်သက်တော့ မဟုတ်ဘူး။ ရှာနီးချုပ်စပ်မှာ ကောက်လို့ရတဲ့ ခြောက်သယောင်းနေတဲ့ သစ်မြစ်သစ်ခက် အတိုအစ တွေကိုပါ ရေစင်စင်ဆေးပြီး အရက်ပုလင်းထဲထည့်စိမ်ထားတာ။ မသိ ရင် ဆေးပင်ဆေးမြစ်တွေလိုလို ဘာလိုလိုနဲ့။

ပြီးတော့ အဲဒီအရက်ဖန်ပေါင်းချောင်ကြီးကို ခပ်တည်တည်နဲ့ အိမ် ဦးခန်းမှာ တင်ထားတာကလား။ အဘကံက အဲဒီဖန်ပေါင်းချောင်ကြီး ကို မြင်တော့ . . .

"မင့်ဟာက ဘာကြီးတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အဘတို့များ မသိတော့ ခက်ရချည်ရဲ့၊ အာယုပါလ မဟိဒ္ဓိဆေးတော်ကြီးဆိုတာ အဲဒါပေါ့ အဘရဲ့၊ နှယ်နှယ်ရရမဟုတ်ဘူး၊ ဟိမဝန္တာကဆေးမြစ်တွေ စိမ်ထားတာမြင်ရဲ့မဟုတ်လား"

"ဟော. . . ဟုတ်ကဲ့လားဟ"

"ဒီဆေးကို ညနေတိုင်းသောက်ပေးရင် ခွန်အားတိုးတယ်၊ အဖျားအနာလည်းကင်းတယ်. . . အဘရဲ့၊ တစ်ခုတော့ရှိတယ်၊ ဒီဆေးက 'လေ' ရောဂါရှိတဲ့သူနဲ့ကျတော့ မတည့်ပြန်ဘူး။ လေနာရောဂါအခံရှိတဲ့သူများ သောက်လိုက်မိလို့ကတော့ ခေါက်ခနဲဆိုသေတာ ဆေးမမီဘူးဆိုပဲ"

ဒါက ကိုမြဆောင် ကြိုပြီးပိတ်လိုက်တဲ့အကွက်တစ်ကွက်. . .။

ဟုတ်တယ်လေ. . .။ အဘကံမှာ လေနာရောဂါရှိတယ်ဆိုတာ သားအရင်းခေါက်ခေါက်ဖြစ်တဲ့ ကိုမြဆောင်တင်မကဘူး၊ တစ်ရပ်လုံး တစ်ရွာလုံး သိနေကြတဲ့ကိစ္စပဲ။

အဲဒီလိုမှ ကြိုပြီး ပိတ်မထားရင် အဘကံက အဲဒီ 'အာယုပါလ မဟိဒ္ဓိဆေးတော်ကြီး' ကို သူ့ပါသောက်မယ်ဆိုလို့ကတော့ ငါးပါးမှောက်ကုန်တော့မပေါ့။ အခုတော့ သူ့သားအပြောအရ ခေါက်ခနဲသေမှာစိုးလို့လားမသိ၊ 'ဆေးတော်ကြီး'ကို ငုံ့စောင်းလို့တောင် သေသေချာချာမကြည့်တော့ဘဲ . . .

"ဆန်းပါ့. . . မောင်ရာ"

အဘကံ ပါးစပ်က အဲဒီစကားတစ်ခွန်းပဲ ထွက်တော့တယ်။ အဲဒါနဲ့ပဲ ကိုမြဆောင်တစ်ယောက် ညနေချိန်တန်ပြီဆို အိမ်ဦးခန်းမှာတင် တရားဝင် အရက်သောက်ခွင့်လိုင်စင် ရသွားတယ်ဆိုပါတော့. . .။

ကိုင်း. . . ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဘကံတစ်ယောက် အယုံလွယ်တယ်လို့ နာမည်ကြီးနေတာ ဆန်းသလား. . .။

ဒါတောင် အဘကံက သူ့သား ဆေး 'မှိုင်'နေတာ ကြည့်ကြည့်ပြီး တစ်ခါကတော့ မနေနိုင်ရှာလွန်းလို့ထင်ပါရဲ့ ပြောရှာသား. . .။

"ဟကောင်ရ. . . မင့်ဆေးက တစ်နေ့တစ်နေ့ သောက်ရတဲ့ခွက်ချင်ကတော့ အများသားဟ"

ကိုမြဆောင်ကတော့ သူ့အဖေကို ပြုံးဖြီးဖြီးကြီးပဲ လုပ်ပြလိုက်တော့တယ်။ အင်း. . . တော်ပါသေးရဲ့. . .

"မင့်ဆေးထဲကို ရေတွေရောရောပြီး သောက်တော့ ဆေးအာနိသင် မပြယ်ပေဘူးလား မောင်ရယ်"

လို့ ရှာရှာပေါက်ပေါက် မမေးတာကိုပဲ ကျေးဇူးတင်ရဦးတော့မယ်။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

ရေအကြောင်း စကားစပ်မိလို့ ပြောရဦးမယ်။ အဘကံတို့ရွာက ရေအရှားသား။ သုံးမိုင်ကျော်ကျော်လောက်ဝေးတဲ့ ရွှေလောင်းချောင်း ထဲက ချောင်းရေကို နွားလှည်းနဲ့တိုက်ပြီး ခပ်ယူရတာ။ ရပ်အခေါ် ရွာအခေါ်တော့ ရေစည်လှည်းတိုက်တယ် ခေါ်တာပေါ့။

ဒါကလည်း နွေရာသီဆိုရင် တယ်ပြီး ဖောဖောသီသီမရချင်လှ ဘူး။ ဒါနဲ့ ဟိုတစ်လောကတော့ သဖန်းစုလို့ခေါ်တဲ့ အနောက်ပိုင်းကရွာ မှာ ကိုယ်ထူကိုယ်ထပိုင်းဝန်းပြီး ရေတွင်းတစ်တွင်းတူးလိုက်တာ ရေချို ထွက်လို့ အတော်အဆင်ပြေတယ်ဆိုပဲ။

ဒီသတင်းကိုကြားတော့ ကိုမြဆောင်တို့လိုရွာက ကာလသားခေါင်း တွေကော ရွာလူကြီးပိုင်းတွေကပါ စိတ်ဝင်တစားနဲ့ တိုင်ပင်ဟယ် ဆွေး နွေးဟယ်ဖြစ်လာကြတယ်။

"ငါတို့ရွာမှာလည်း သောက်ရေချိုတွင်းလေးတစ်တွင်းတော့ ရှိမှ



www.burmeseclassic.com

www.burmeseclassic.com



တော်ရော့မယ်”

ဘာ. . . ညာ. . . နဲ့ ဆော်ကြကြသပေါ့။

ဒါနဲ့ ကိုယ်ထူကိုယ်ထရေတွင်းတူးဖို့ သဘောတူကြရော ဆိုပါစို့ရဲ့။ တို့လူငယ်များဆိုသလေး. . . ပေါ့။ ‘အေး’အပြင် ‘အဲ’မရှိကြပါဘူး။ ကျေးလက်ဓလေ့ဆိုတော့ ညီညွတ်ကြတယ်လေ။

နောက်ပြီး ဒါက ရွာအတွက် တကယ့်ကို မရှိမဖြစ် အရေးတကြီးလိုအပ်နေတဲ့ကိစ္စ မဟုတ်လား။

အဘကကတော့ ထုံးစံအတိုင်း ကိစ္စတစ်ခုခုကို သူ ‘ယုံ’မိပြီဆိုစိတ်ရောကိုယ်ရော အပြည့်ထိုးနှစ်ထားတတ်တာကလား။ ရွာထဲမှာရှိတဲ့အိမ်ပေါက်စေ့ကိုလည်ပြီး ‘ရေ’တရားဟောတော့တာ။

“ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်. . .” တို့၊ “ရေအကျိုးဆယ်ပါးက ဘယ်သို့ဘယ်ပုံ. . .” တို့ ပေါ့လေ။

အဘကပဲ တရားဟောကောင်းလို့လား၊ ရေစည်လှည်း သွားသွားတိုက်ရတဲ့ ဒုက္ခက လွတ်ချင်လို့လားတော့ မသိဘူး။ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ တောသူတောင်သားတွေခမျာ မရှိမဲ့ရှိမဲ့ ငွေစကြေးစလေးတွေကို အတွန့်တိုမရှိ လှူကြတန်းကြရှာပါတယ်။

ရွာခံကာလသားတွေကတော့ လုပ်အားဒါနစိုက်ကြရမပေါ့။ ကိုမြဆောင်တစ်ယောက်ကတော့ ကာလသားခေါင်းဆိုတော့ ထိပ်ဆုံးကပါရတာပေါ့လေ။ ဒါနဲ့ အချိန်ကျလာတဲ့အခါကျတော့ ရေကြောမြေကြောနားလည်တတ်ကျွမ်းတဲ့သူကို ပင့်ဖိတ်ခေါ်ပြီး ရေတွင်းတူးဖို့နေရာရှာကြရတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တူးရမယ့်နေရာကလည်း ရွာထိပ်နားတင်ဆိုတော့ ဟန်ကျသွားတယ်။ တူးမယ့်နေ့မှာ အဘကံတို့လို လူကြီးပိုင်းကတော့ အုန်းသီးငှက်ပျောသီးတွေ၊ ကွမ်းဆေးလက်ဖက်တွေ၊ အမွှေးတိုင်တွေနဲ့ ကန်တော့ပွဲလုပ်ပြီး တတွတ်တွတ်ရွတ်ကြဖတ်ကြပေါ့။

ကိုမြဆောင်တို့ ကာလသားတွေကတော့ ဒါတွေကို ခေါင်းထဲသိပ်မထည့်ကြဘူး။ ပုဆိုးကိုသာ ခါးတောင်းမြှောင်အောင်ကျိုက်၊ ပေါက်တူးတွေ၊ တူရွင်းငန်းပြားတွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး တရကြမ်းနင်းတူးတော့တာ. . .။

လူအင်အားညီလို့လားတော့မပြောတတ်ဘူး။ တစ်မနက်ခင်းမှာတင်ကို အတောင်နှစ်ဆယ်သာသာလောက် ခရီးပေါက်ကြပြီ။

"တော်ကြဦးစို့ဟေ့၊ ခဏနားပြီး ထမင်းလေးဘာလေးစားလိုက်ကြရအောင်"

အဘကံက သတိပေးလိုက်တော့ ရွာခံကာလသားတွေ တွင်းထဲကနေ အပေါ်ကိုတက်ပြီး ရွာက အလှူရှင်တွေပို့ထားတဲ့ ထမင်းထုပ်တွေကို မြိန်ရေယှက်ရေ စားကြတယ်။

နေကလည်း မြင့်တဲ့အချိန်ဆိုတော့ ပူလွန်းတာနဲ့ အလုပ်လုပ်ရတာခရီးက သိပ်မတွင်ချင်တော့ဘူးမဟုတ်လား။

တောသူတောင်သားတွေမို့လို့သာ အပင်ပန်းခံနိုင်လို့ တော်တော့တယ်။ စားလို့သောက်လို့ပြီးတော့ ထမင်းလုံးစီရင်းနဲ့ သိပ်ကြာကြာလည်း "စိမ်ဆွဲ" မနေနိုင်ကြပါဘူး။ အဘကံက . . .

"ကိုင်း. . . ကိုင်း. . . တစ်ချီတစ်မောင်းတော့ ကြိုးစားလိုက်ကြဦး



www.burmeseclassic.com

www.burmeseclassic.com



စို့ဟော့။ နောက်ထပ် ဒီ နှစ်ဆလောက် တူးရဦးမှာ"

ဟုတ်တယ်လေ။ ရေကြောပြတဲ့သူက အတောင်ခြောက်ဆယ် လောက်တူးမှ ရေထွက်မှာလို့ ဆိုထားတယ်မဟုတ်လား။ ဒါနဲ့ပဲ ကိုမြ ဆောင်တို့ကာလသားတစ်သိုက်ခမျာ တွင်းထဲဆင်းရပြန်ပါရော။

နေစောင်းလေး မကျတကျရောက်တော့ တွင်းက အတောင်ငါး ဆယ်နီးပါးနက်လာပြီ။ အဲဒီမှာတင် တူရွင်းငန်းပြားနဲ့ မြေကြီးကိုထိုး ကလော်နေတဲ့ မောင်ခိုက . . .

"ဗျို့ . . . ကိုကြီးဆောင် . . . ဟောသမှာ ဘာကြီးမှန်းမသိဘူးဗျ"

"ဟေ့ . . . မှန်းစမ်း၊ ဟာ . . . သစ်သားရုပ်ကြီးနဲ့တူတယ်"

"ပြစမ်းပါဦး . . . ဟင် . . . မင့်ဟာက ဘယ်ဟာခေါင်း၊ ဘယ်ဟာ ဖင်မှန်းမသိ"

တစ်တောင်သာသာလောက်ရှိတဲ့ သစ်သားပိုင်းကို အလုအယက် ဝိုင်းကြည့်ရင်း ကာလသားတွေ တစ်ယောက်တစ်ပေါက်ပြောကြတယ်။ သစ်သားပန်းပုရုပ်က မြေကြီးတွေအလိမ်းလိမ်းကပ်နေတဲ့အပြင် တွင်းထဲ မှာကလည်း မှောင်နေတော့ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရဘူး။

တွင်းအောက်ခြေမှာ ကာလသားတွေ ကျွက်စီကျွက်စီဖြစ်နေတော့ အပေါ်က အဘကံတို့ လူကြီးတစ်သိုက်ကလည်း လှမ်းအော်ပြီးမေးလှုပြီ။ ဒါနဲ့ ကိုမြဆောင်တို့က သစ်သားပန်းပုရုပ်ကိုယူပြီး တွင်းပေါ်တက်ခဲ့ကြ တယ်။

ပန်းပုရုပ်မှာကပ်နေတဲ့ မြေကြီးခဲတွေကို ထိုးခွာချပြီး ရေစင်စင် ဆေးပစ်လိုက်တော့မှ ရုပ်လုံးကပေါ်လာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ. . . ဒါပေမဲ့ ပန်းပုရုပ်က အင်္ဂါပြည့်ပြည့်စုံစုံမရှိတော့ ဘာအရုပ်မှန်းတော့မသိရဘူး။ အင်္ဂါ မစုံဆို. . . သစ်သားပန်းပုရုပ်ရဲ့ လည်ပင်းနေရာကနေ တိတိရိရိပြတ်နေတာကိုး။

ပြောရမယ်ဆိုရင် ကိုယ်လုံးပိုင်းပဲ ဟုတ်ဟုတ်ညားညား ထုနဲ့ထည်နဲ့ရှိတော့တာ။ ဦးခေါင်းလည်းမပါဘူး။ ခြေလက်ကလည်း တံတောင်ဆစ်နားဆစ်လောက်ကနေစပြီး ကျိုးပဲ့နေတော့ကာ ဘယ်လို ကိုယ်နေဟန်ထားမျိုးလည်းဆိုတာတောင် မှန်းလို့မရတော့ဘူး။

ပန်းပုရုပ်ရဲ့ ကိုယ်လုံးကိုယ်ထည်ကိုကြည့်ရတာကတော့ ဟန်အကျသားကလား။ ပခုံးမှာ အချွန်အတက်တွေနဲ့ ဘယက်ဒွါဒရာဆိုလား ဘာလား အဲသဟာမျိုးတွေနဲ့. . . ။

"ဟာ. . . ဒီအရုပ်ဟာ ငါတို့ရွာကိုစောင့်ရှောက်တဲ့ 'ရွာတော်ရှင်' နတ်ရုပ်ပဲ"

အဘက်က အသံပြတ်ကြီးနဲ့ပြောချလိုက်တော့တာ. . . ။

ဘေးမှာ ဝိုင်းကြည့်နေကြတဲ့သူတွေအားလုံး 'ဟာ. . . 'ခနဲဖြစ်သွားကြတာပေါ့။ အမှန်တော့ အဘက်ကိုယ်တိုင်လည်း စိတ်ထဲ ထင်မိထင်ရာကို ပါးစပ်ကလွှတ်ခနဲ ထွက်သွားတဲ့သဘောပါ။

သိတယ်မဟုတ်လား။

ပန်းပုရုပ်က ပခုံးမှာ အချွန်အတက်တွေပါတယ်။ ဘယက်ဒွါဒရာတွေပါတယ်ဆိုတော့ 'ဒါ. . . နတ်ရုပ်ဖြစ်မှာပဲ' လို့ မှန်းကြည့် မြင်ယောင်မိတာပါ။

ဒါပေမဲ့ ကြည့်လေ... အဘက် ပြောတဲ့လေသံက တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အပိုင်ကြီး။ သူနဲ့ နှစ်ရှည်လများ ကွဲကွာသွားတဲ့ ဆွေမျိုးရင်းချာတစ်ယောက်ကို ပြန်တွေ့ရလို့ 'အောင်မလေး ခုမှပဲ မှတ်မိတော့တယ်. . .' ဆိုပြီး နှုတ်ဆက်တဲ့အပေါက်မျိုး။

အဲဒီတော့. . . ကျန်တဲ့လူကြီးသူမတွေလည်း ဝေတေတေ ဝါးတားတားတွေဖြစ်ကုန်တာပေါ့။

"ကျုပ်တို့ ဘိုးများ ဘွားများပြောသံတော့ ကြားဖူးတယ်. . ."တို့

"သီရိမ္ဗာသောက မင်းကြီး ဟာ ကိုးတိုင်းကိုးဌာနကို သာသနာပြုစေလွှတ်တော့. . ." တို့. . . ထင်ရာမြင်ရာတွေ ဝင်ပြောကုန်ကြရော။ ဒီမှာကလည်း အခက်သား။ လက်သည်မပေါ်တဲ့ ကိစ္စတစ်ခုခုကို ခမ်းခမ်းနားနား နောက်ကြောင်းပြန်ချင်ပြီဆိုရင် သီရိမ္ဗာသောက မင်းကြီးရဲ့ စေတီပေါင်း ရှစ်သောင်းလေးထောင်ရယ်၊ အလောင်းစည်သူမင်းကြီး ဖောင်စကြာစီးပြီး လှည့်လည်တာရယ်ကို ဆွဲဆွဲထည့်တတ်ကြတာ။

ကိုမြဆောင်ကတော့ ဘာမှန်းမသိတဲ့ အဲဒီအရုပ်ကို စိတ်မဝင်စားပါဘူး။ တူးလက်စရေတွင်းထဲကိုပဲ ပြန်ဆင်းဖို့ပြင်နေတုန်း အဘကံက

"ငါ့သားများ ကြိုးစားကြပေတော့၊ ဒါ. . . 'ရွာတော်ရှင်'က နေရာကို အသေအချာပြလိုက်တာပဲ။ ဒီနေရာကို ဆက်တူးရင် ရေထွက်မှာ ကျိန်းသေပြီကွဲ့"

ကိုမြဆောင်က ခဏတော့ တွေခနဲဖြစ်သွားသေးတယ်။ ပြီးမှ. . . သူ့ဟာသူစဉ်းစားပြီး . . .

"ဟာ. . . အဘကလည်းဗျာ. . . 'ရွာတော်ရှင်'က ပြလို့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အစကတည်းက ဒီနေရာမှာ ရေထွက်မယ်မှန်း ကျိန်းသေသိလို့ တူးနေ ကြတာပဲဥစ္စာ”

သူ့သားရဲ့ ခွကျကျစကားကြောင့် အဘကံတစ်ယောက် ရှူးရှူး ရှားရှားဖြစ်သွားသေးတယ်။ ပြီးမှ. . .

“မင်းတို့လူငယ်တွေ အဲဒါ ခက်တာပေါ့ကွ”

ဘာ. . . ညာနဲ့ ဆူပါလေရော။ ကိုမြဆောင်တို့ကတော့ နားပူ သက်သာအောင်ဆိုပြီး တွင်းထဲကို ခပ်သုတ်သုတ်ပဲဆင်းသွားကြတယ်။

ကံအားလျော်စွာပဲ ထင်ပါရဲ့။ ခန့်မှန်းထားတာထက်စောပြီး တွင်း အနက်အတောင် ငါးဆယ်သာသာလောက်မှာပဲ ရေက ထွက်လာတယ်။

တွင်းရေချိုဆိုတော့ အေးစိမ့်ပြီး ကြည်နေတာ။

အဲဒီမှာတင် အဘကံတစ်ယောက် ‘ရွာတော်ရှင်’နတ်ကို အစွဲကြီးစွဲ၊ အယုံကြီးယုံတော့တာပဲ။

သိတယ်မဟုတ်လား။

အဘကံက ယုံလည်းယုံလွယ်တယ်။ ယုံမိပြီဆိုရင်လည်း အပြတ် အသတ်ပဲ။ အစွဲချွတ်လို့ကိုမရဘူး။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

ရပ်ရွာရဲ့ ကိုယ်ထူကိုယ်ထ ရေတွင်းကနေ သောက်ရေချိုလည်း ထွက်နေပြီ။ အုတ်ပေါင်လေးစီလို့ စက်သီးကြိုးလေးဆင်လိုက်တော့ ရွာသားတွေအဖို့ ငင်ရခပ်ရတာလည်း အတော်အဆင်ပြေနေပြီ။

အဲ. . . အဘကံတစ်ယောက်လည်း အတော်လေးကို ရောဂါ သည်းနေပြီ။

သူ့ရောဂါက အဲဒီရေတွင်းလေးအနီးအနားမှာ 'ရွာတော်ရှင်နတ် ကွန်း'ဆောက်ပြီး ရေတွင်းတူးတုန်းက တွေ့ခဲ့ရတဲ့ ပေါ်တော်မူနတ်ရုပ်ကို ကျကျနန ကိုးကွယ်ချင်တဲ့ရောဂါ။

အဘကံတို့ လုပ်ပုံများ။

ရေချိုတွင်းမှာ စီထားတဲ့ အင်္ဂတေအုတ်ပေါင်ခွေပေါ်မှာတောင် ပန်းရန်သမားကို ကမ္ပည်းစာ ထွင်းခိုင်းထားလိုက်သေးတယ်။

'နတ်ရေတွင်း'. . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြဆောင်ကတော့ သူ့အဖေလုပ်ပုံကို မကျေမနပ်နဲ့. . .။

"အဘကလည်းဗျာ. . . ကျုပ်တို့ ရွာသားတွေ မရှိမဲ့ရှိမဲ့ ပိုက်ဆံလေးစုပြီးတော့ ကိုယ်တိုင်ကိုယ်ကျ အပင်ပန်းခံ တူးထားတာပါဗျ။ ဘယ့်နှယ် ရေတွင်းဖြစ်ခါမှ နတ်က ဝင်ပြီး နာမည်ကောင်းယူ ကမွည်းထိုး လို့ တော်ရော့လားဗျာ"

"ဟဲ့. . . သဘောက်မသားရဲ့။ ဒီရေတွင်းက နတ်က လမ်းညွှန်လို့သာ ပေါ်ရတာကို၊ နင်က ရွာတော်ရှင်ကို ကျေးဇူးကန်းချင်သလား"

အဘက်အဖို့မတော့ လမ်းညွှန်တဲ့သူကသာ အခရာလို့ ကျကျနနခံယူထားတာကိုး။ ဒါကြောင့်လည်း သူ့သား ကိုမြဆောင်ကို 'သဘောက်မသား. . .'လို့ ဆဲရေးပေတာပေါ့။ အဘက်တစ်ယောက် တော်ရုံတန်ရုံ စိတ်ဆိုးရုံလောက်နဲ့တော့ အဲသည်လို နင့်နင့်စီးစီး မဆဲရေးတတ်ဘူး။

ဆဲပြီးတော့မှပဲ အဘက်တစ်ယောက် 'အင်း. . . ဒီကောင့်ကို ခိုင်းစရာရှိပါသေးလား'ဆိုတာ သတိရသွားဟန်တူပါရဲ့။ ခါတိုင်းခေါ်နေကျ လေသံမျိုးနဲ့. . .။

"လူလေးရေ. . ."

လို့ ခေါ်လိုက်တယ်။ ကိုမြဆောင်ကလည်း သူ့အဖေ လေကြောကို အထာနပ်ပြီးသား။

"ဗျာ. . . အဘ၊ ဘာခိုင်းမလို့လဲ"

"မနက်ဖြန်ကာကျရင် မြို့တက်ပြီးတော့ လက်ရာကောင်းတဲ့ ဒန်းပုဆရာရှာခဲ့လကွာ။ ပြီးရင် ရွာတော်ရှင်နတ်ရုပ်မှာ အင်္ကျီ မန်းခဲလင်ဖြစ်နေတာကို သူ့အချိုးစားနဲ့သူ ထုဆစ်ပြီး ဟန်ကျအောင် ဆက်ပြုခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အဲ. . . ဦးခေါင်းတော်အသစ်ကို ထုခိုင်းရင်တော့ ကျကျနန လုပ်ခဲ့မောင်ရေ၊ မျက်နှာတော်ကို ကြည်ညိုစရာကောင်းတဲ့ အသွင်အပြင်မျိုးဖြစ်စေကွဲ့၊ ကြားလား။ ကရော်ကမည်မလုပ်နဲ့ လူလေး၊ ဒီရွာတော်ရှင်နတ်ဟာ တို့များရဲ့ ကျေးဇူးရှင်ကွဲ့."

ကိုမြဆောင်တစ်ယောက် မျက်နှာရှုံ့သွားတယ်။ အထူးသဖြင့်. . . 'ကျေးဇူးရှင်'ဆိုတဲ့ အသုံးအနှုန်းကို မကျေနပ်ဆုံးပဲ။

ဘယ့်နှယ်ဗျာ။

'ရေအသက် တစ်မနက်'. . . တဲ့။ အဲဒီလောက်တောင် အသက်နဲ့ အမျှအရေးကြီးတဲ့ ရေလေးတစ်ပေါက်ရဖို့ တစ်ရွာလုံး အဆင်းရဲခံ အပင်ပန်းခံပြီး ကိုယ်ထူကိုယ်ထ ကြိုးစားခဲ့ရတာ။ ပြီးသွားတော့မှ ရွာတော်ရှင်ကို ကျေးဇူးတင်ရမှာလား။

ကိုမြဆောင်ရင်ထဲမှာ ပြောစရာစကားတွေ အများကြီးရှိနေပေမဲ့ မျိုသိပ်ထားလိုက်တယ်။

●

www.burmeseclassic.com

www.burmeseclassic.com



(၄)

ကိုမြဆောင်တစ်ယောက် မြို့မှာ တစ်ပတ်လောက်ကြာအောင် နေပြီးမှ ရွာကိုပြန်ရောက်လာတယ်။ သူ့လက်ထဲက ရွာတော်ရှင်နတ်ရုပ်ကို အဘကံလက်ထဲ အပ်ပြီးတာနဲ့ အမြန်ဆုံး သုတ်ခြေတင်ပြီး ဖိုးနီရဲ့ ထန်းလျက်ဖိုကို လစ်တော့တာပဲ။

မလစ်လို့မဖြစ်ဘူးလေ။ အဘကံရဲ့ဒေါသကို သူအသိဆုံးကိုး။ ထင်တဲ့အတိုင်းပဲ။

ရွာတော်ရှင်နတ်ရုပ်ရဲ့ မျက်နှာတော်ကို သေသေချာချာကြည့်ပြီးတာနဲ့ တစ်ပြိုင်နက် အဘကံတစ်ယောက် ယမ်းပုံမီးကျဖြစ်တော့တာပဲ။

မဖြစ်ပဲခံနိုင်ရိုးလား။

ရွာတော်ရှင်နတ်ရုပ်ရဲ့ မျက်နှာဟာ ကိုမြဆောင်ရဲ့မျက်နှာနဲ့ ချွတ်စွပ်. . .။ ကိုမြဆောင် လူပျိုပေါက်ဘဝတုန်းက ရန်ဖြစ်လို့ မျက်ခုံးတစ်ဖက် စုတ်နေတာ၊ နှာခေါင်းရိုးကျိုးနေတာတွေဟာ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်ရဲ့ မျက်နှာတော်မှာ အထင်းသားပေါ်လို့။

အောင်မယ်. . . ကျောက်ပေါက်မာ သဲ့သဲ့ကိုတောင် အနုစိတ်ကလေး ထွင်းထားလိုက်သေးရဲ့။

"နင့်အမေကလွှားတဲ့မှုပဲ။ ငါက နင့်မျက်ခွက်ကို ဖူးမြော်နေရမှာလား မြဲဆောင်ရဲ့။ သဘောက်မသား. . . နင့်ကို ငါသတ်မယ်"

အဘကံက နတ်ရုပ်ကို ဝီခနဲနေအောင် လွှင့်ပစ်လိုက်ပြီး ထင်းခုတ်တဲ့ဓားမကို ဆွဲလို့ ကိုမြဲဆောင်ကို တောနင်းရှာတော့တာပဲ။

"ဒါပေမဲ့. . . အပုန်းအကွယ်ကောင်းတဲ့ ကိုမြဲဆောင်ကို ဆယ်ရက်လောက်ရှာလို့မတွေ့တော့ဘူး။

●



www.burmeseclassic.com

www.burmeseclassic.com



(၅)

ခုထိတော့ နတ်ကွန်းထဲမှာ ရွှာတော်ရှင်နတ်ရုပ်ဟာ ဦးခေါင်းမပါဘဲ ရပ်နေရတုန်းပဲ။

အဘကံ စိတ်ပြေသလောက်ရှိတော့ ကိုမြဆောင်က လာပြီး ချော့ရှာပါတယ်။

"အဘပြောတဲ့ရွှာတော်ရှင်ရဲ့ မျက်နှာကို ဘယ်လိုပုံဖော်ခိုင်းရမှာတုန်း အဘရဲ့၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့လား၊ နှုတ်ခမ်းမွေးမပါဘဲနဲ့လား"

အဲဒီလိုမေးလိုက်တော့ အဘကံတစ်ယောက် 'အင်း. . . အဲ. . .' ဖြစ်သွားတယ်။ ပြီးတော့. . . ကိုမြဆောင်က ဆက်ပြောသေးတာ. . .။

"ရွှာတော်ရှင်ရဲ့ ပါးစပ်ကကော ဘယ်လိုမျိုးလဲ။ ပြုံးပြုံးကလေးလား၊ အံကြိတ်ကြိတ်၊ မေးရိုးကြီးကားပြီး ခပ်တည်တည်ကြီးလား၊ နောက်ပြီး ဦးခေါင်းကရော ဘာဆောင်းထားမှာလဲ၊ ဥသျှောင်လား၊ မကိုဋ်လား။



www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းလို အချွန်အတက်တွေနဲ့လား၊ ဒါမှမဟုတ်. . . ကိုကြီးကျော်လို ဗောင်းတော်နှစ်စ ချထားရမှာလား။ ကဲ. . . အဲဒါတွေ အဘပဲ ပုံဖော်ပေးစမ်းပါဦး”

ကိုမြဆောင်ရဲ့ အမေးစကားအဆုံးတော့ အဘသံက သက်ပြင်းကို ‘ဟင်း’ခနဲ မှုတ်ထုတ်တယ်။ အဲဒီ သက်ပြင်းက. . .

“ရှိပါစေတော့လေ. . .”

လို့များ အဓိပ္ပာယ်ရမလား မသိဘူး။

ဒါပေမဲ့. . . အဘကံက လုံးလုံးစိတ်လျှော့သွားတာမျိုးတော့ မဟုတ်ဘူး။ တစ်ခါတစ်ခါ ရပ်ထဲရွာထဲက လူကြီးတွေနဲ့ဆုံလို့ ရွာတော်ရှင်နတ်အကြောင်း စကားစပ်မိတဲ့အခါ. . .။

“အိမ်း. . . ဗျာ၊ ကျက်သရေရှိတဲ့ မျက်နှာအချိုးအဆက်များတွေ့ခဲ့ရင် နမူနာပုံပြပြီး ရွာတော်ရှင့်ပုံတော် ထုခိုင်းချင်ပါရဲ့၊ ရှာကြစမ်းပါဦးကွယ်တို့. . .”

လို့ မညည်းသာ ညည်းသာ ညည်းတတ်လေရဲ့။

အင်း. . . ကိုယ်ထူကိုယ်ထ ရေတွင်းလေးကတော့ အချောင်နာမည်ကောင်းဝင်ယူမယ့် ရွာတော်ရှင်နတ်ရဲ့ မျက်ခွက်ကို ကြည့်လည်း မကြည့်ချင်၊ သိလည်း မသိချင်ပါဘူး. . .။

သူ့ဘာသာသူ ရေချိုရေအေး သန့်သန့်တွေ ကြည်ကြည်လင်လင် စိမ့်ထွက်နေတာပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



ဆွေးရစ်သာရဖွနဲ့ မြို့



www.burmeseclassic.com

www.burmeseclassic.com



(၁)

မန္တလေးမြို့ကတော့ ကော်ဖီပူပူလေးတစ်ခွက်ကို သောက်နေ
သည် . . . ။

●

www.burmeseclassic.com

www.burmeseclassic.com



(၂)

အဲသည့်နေ့က ရန်ကုန်မှအလည်လာသော ကျွန်တော်နှင့် သူငယ်ချင်းတစ်စုတို့ ရန်ကင်းတောင်ခြေဘက်ဆီသို့သွားရန် ကားဖြင့်ထွက်ခဲ့ကြသည်။ သွားနေရင်းကပင် လက်ဖက်ရည်သောက်ချင်စိတ်ပေါက်လာသဖြင့် လမ်းဘေးမှာတွေ့မိသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် ကားကို ထိုးရပ်ပြီး ဆင်းလိုက်၏။

သို့သော် ဆိုင်ရှေ့တွင်ထောင်ထားသော ဆိုင်းဘုတ်ခပ်ကြီးကြီးတစ်ခုကို မြင်လိုက်ရသောအခါ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်မည့်ဆဲဆဲ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ ဆိုင်းဘုတ်က . . .

"သင် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်'

ထိုဆိုင်းဘုတ်ကိုဖတ်ပြီး သူငယ်ချင်းတစ်ယောက် ကျွန်တော့်ကို လှမ်းပြောသည်။

"ကျွန်တော်တို့ ရန်ကင်းတောင်ကိုမသွားဘဲ ဒီကနေလှည့်ပြန်ရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်းမယ်ထင်တယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဟိုမှာ ရေးထားတာ မတွေ့ဘူးလား၊ ကျွန်တော်တို့ သေတော့မယ့် အချိန်ပိုင်းပဲလို့တော့တယ်ဆိုပဲ။ သွားရင်းလာရင်း ရန်ကင်းတောင် မရောက်ခင် လမ်းမှာသေသွားရင် ဒုက္ခပဲဗျာ၊ ဟိုတယ်ကိုပြန်ပြီးတော့ပဲ အေးအေးဆေးဆေး သေရအောင်"

သူ၏ နောက်ရွှတ်ရွှတ်စကားကြောင့် ကျွန်တော်ရယ်မောမိသည်။ ပြီးတော့. . . ကျွန်တော် ဆက်စဉ်းစားနေမိသည်။

သေရမည့် 'အချိန်ပိုင်း' က ဘယ်တော့လဲ။ တစ်စက္ကန့်၊ တစ်မိနစ် လည်းဖြစ်နိုင်သည်။ ဆယ်နှစ် အနှစ်နှစ်ဆယ်. . . စသဖြင့်လည်း ဖြစ် သွားနိုင်သည်။ သူငယ်ချင်းဖြစ်သူပြောသလို ရွှတ်နောက်နောက်တွေးရ လျှင် ရန်ကင်းတောင်ဆီ မရောက်ခင်လည်း ဖြစ်နိုင်သလို ရောက်ပြီး ပြန်လာသည့်နောက်ပိုင်းကျမှလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။

အခုကျမှ နောက်ကြောင်းပြန်လှည့်နေလို့ရော. . . အဲဒီ 'အချိန် ပိုင်း' က ဘာများ ထူးခြားပြောင်းလဲသွားမှာမို့လို့လဲ။

ဒါကြောင့် ကျွန်တော်တို့ ရှေ့ကိုသာ ဆက်သွားရပါမည်။

ကိုယ် ဘယ်အချိန် သေသွားမည်တဲ့လဲ။

နေပါစေ. . .၊ ဒါ ကိုယ့်ကိစ္စ မဟုတ်ပါ။ ဘယ်တော့သေသေပေါ့။

အဲဒီ 'အချိန်'ကို ကျွန်တော်တို့ မပိုင်ပါ။ ကျွန်တော်တို့က လျှောက် လှမ်း သွားနေသော 'ခရီး' ကိုသာ ပိုင်ဆိုင်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ရှေ့ကိုဆက်သွားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ဝင်ကာ လက်ဖက်ရည်မှာပြီး ဘေးပတ်လည်ကိုကြည့်လိုက်တော့ ဆိုင်နံရံများ၊ တိုင်များ၊ တန်းများအားလုံးတွင် 'ဆုံးမစာ'ဆိုင်းဘုတ် ခပ်သေးသေးတွေ၊ ပိစိကွေးတွေ အပြည့်ရှိနေသည်ကိုတွေ့ရ၏။

ကျွန်တော်ထိုင်နေသောခုံနှင့် မျက်နှာချင်းဆိုင်တည့်တည့်က ဆိုင်းဘုတ်ကတော့ . . .

"လူတွေ့ . . ဘာကြိုက်၊ ဘုရား မကြိုက်တာ. . အကုန်ကြိုက်" ဟူ၍ ဖြစ်သည်။

ဒါတင်မပြီးသေးပါ။ ထိုဆိုင်းဘုတ်ဘေး သုံးထပ်သားပြားပေါ် ရေးထားသော ဆိုင်းဘုတ်တစ်ခုရှိသေးသည်။ ထိုဆိုင်းဘုတ်ကတော့. . .

"လူကြီးလူငယ်မရွေး နှစ်သက်အားပေးကြသော ကြက်သားပေါက်စီ ဒီဆိုင်တွင် ရပြီ"

ကျွန်တော်က ထိုဆိုင်းဘုတ်နှစ်ခုကို အပြန်အလှန်ဖတ်ကြည့်ပြီး စဉ်းစားနေမိ၏။ ယုတ္တိဗေဒနည်းအားဖြင့်ဆိုလျှင် မေးခွန်းထုတ်စရာ ဖြစ်လာ၏။

မြတ်စွာဘုရားကကော ကြက်သားပေါက်စီကို ကြိုက်သလား. . . မကြိုက်ဘူးလား. . . ။

ကျွန်တော့်အတွေးသည် ဗုဒ္ဓဂိုဏ်း၊ မဟ္ဂိုဏ်းများ သင့်လေမလား မဆိုနိုင်ပါ။ သင့်ကောင်း သင့်ပါလိမ့်မည်။ သို့သော် ဖျတ်ခနဲပေါ်လာသည့်အတွေးကို ဘာနှင့်မျှတားဆီးချိန် မရလိုက်ခဲ့ပါ။

ကျွန်တော့်မှာက အဲသည်လိုပဲ ဖျတ်ခနဲပေါ်သွားတတ်သည့် မဖွယ်မရာ အတွေးတွေ အတော်များသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်တန်းတုန်းက သူငယ်ချင်းနှင့်အတူ ကျောင်းပြေးပြီး ဘုရားသွားစဉ် ဂြိုဟ်တိုင်ထောင့်တစ်ထောင့်အနီး၌ ပိတ်ဖြူတွေ၊ ပိတ်ညိုတွေ ဝတ်ကာ အုန်းသီးဆန်နီးပါးလောက်ကြီးမားသော ပုတီးလုံးများကို လည်မှာဆွဲထားသူတို့နှင့် နတ်ကတော်သွင်ပြင်အရပ်ဝတ်လူတစ်စုတို့က အင်းချပ်ပေရွက်များကိုင်ပြီး . . .

"ဇိတံမေ အောင်ပြီ၊ ဇိတံမေ အောင်ပြီ" ဟု လက်သီးလက်မောင်းတန်းကာ ကြွေးကြော်အော်ဟစ်နေခိုက် သူတို့နောက်မှနေ၍ . . .

"ဇီးကြဲ့ရည် ပြောင်ပြီ၊ ဇီးကြဲ့ရည် ပြောင်ပြီ" ဟု

ဝိုင်းဝန်းအော်ဟစ်ခဲ့ကြသည်မှာလည်း စင်စစ်တော့ ကျွန်တော်သာလျှင် တရားခံဖြစ်ပါသည်။

အခုလည်း ဆိုင်ရှင်က စေတနာကောင်းဖြင့်ရေးထားသော စာတွေကိုဖတ်ပြီး မအပ်မစပ်တွေ လျှောက်စဉ်းစားနေမိသည်။

ကြည့်ရသည်မှာ ဒီဆိုင်ရှင်သည် သူယုံကြည်သော တရားအသိ၊ တရားသတိကို အများအတွက် မျှဝေပေးချင်ပုံရ၏။ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ပေါ့သွမ်းသွမ်းစကားတွေပြောနေသည်ထက်စာလျှင် သူချိတ်ဆွဲထားသော ဆုံးမစာ တစ်ခုတလေလောက် ရင်ထဲ ရောက်သွားစေချင်ပုံရသည်။

ဒါက သူ့စေတနာ။

တကယ်တော့လည်း ဒါသည်ပင်လျှင် မန္တလေး၏စရိုက်သွင်ပြင်တစ်ခု ဖြစ်နေနိုင်ပါသည်။ မန္တလေးသည် အစဉ်အလာ အဆုံးအမတို့ဖြင့် ကျစ်လစ်ယဉ်ကျေးသောမြို့. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကျွန်တော်တို့ကရော. . .

တခြားသူတွေကိုတော့ မသိ။ ကျွန်တော်ကိုယ်တိုင်ကတော့ လူရိုင်းတစ်ယောက်သာဖြစ်သည်ဟု ထင်ပါသည်။

●

ကျွန်တော့်ကိုယ်ရေးရာဇဝင်အကျဉ်းကို နားထောင်ချင်လျှင် ပြောပြပါမည်။

ကျွန်တော့်ကို တစ်ထောင်ကိုးရာ ခုနစ်ဆယ့်ခုနစ် တွင် မိဘနှစ်ပါးက မီးရှူးသန့်စင်ဖွားမြင်ပါသည်။ နယ်နယ်ရရတော့မဟုတ်။ ကျွန်တော့်ကို မွေးဖွားစဉ်တုန်းက အတိတ်ကြီးနိမိတ်ကြီးများ ပေါ်ထွန်းခဲ့သည်။

ကျွန်တော့်ကိုမွေးသည့်နေ့တွင် လမ်းထဲမှ အဖိုကြီးတစ်ယောက်က သမဝါယမဆိုင်မှ ရောင်းသော ယောကျ်ားဝတ် စွပ်ကျယ်အကျီတစ်ထည် မဲပေါက်သည်။ ဧည့်မထဆန် တစ်ပြည်လျှင် နှစ်ကျပ် ပြားခြောက်ဆယ် မှ နှစ်ကျပ်ခွဲအထိ ဈေးကျသွားခဲ့သည်။

နိမိတ်ကောင်းနက္ခတ်ကောင်းတို့ဖြင့် ယှဉ်ပြီးမွေးသော ယောကျ်ားကောင်း ယောကျ်ားမြတ် မဟုတ်ပါလား။

အသက်(၅)နှစ်အရွယ်သို့ရောက်သောအခါ မိဘများက ရိုက်မောင်းပုတ်မောင်းလုပ်ကာ အတင်းချုပ်နှောင်ပြီး ကျောင်းသို့ပို့သဖြင့် ရပ်ကွက်ထဲမှ မူလတန်းကျောင်းတွင် ကျောင်းနေကာ ပညာရည်နို့သောက်စို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာရည်နို့ကို စိုရုံမက ပညာ နို့သီးခေါင်းကိုပါ ကိုက်သဖြင့် ကျောင်းထုတ်ခံရမလို အကြိမ်ကြိမ်ဖြစ်ခဲ့၏။

အလယ်တန်းကျောင်းကိုရောက်တော့လည်း ဆရာ ဆရာမများလည်း စိတ် မချမ်းသာ၊ မိမိကိုယ်တိုင်လည်း စိတ် မချမ်းသာအောင် မလျော့သောလုံ့လဝီရိယဖြင့် ကြိုးပမ်းရာ ကျောင်းပြေးသောဘာသာရပ်တွင် တစ်ဖက်ကမ်းခပ်ထူးချွန်ခဲ့သည်။

ထိုနှစ်မှာပင် ဘာ အထိမ်းအမှတ်မှန်းမသိသော စာစီစာကုံးပြိုင်ပွဲတစ်ခု၌ ပထမ ရသောကြောင့် ကုန်သွယ်ရေးမှအနီးပိတ် (၃)ကိုက် ဆုချီးမြှင့်ခြင်းခံရသည်။ (ဆရာမတစ်ယောက်က အမြတ်ပေးပြီးပြန်ဝယ်သောကြောင့် ရောင်းစားလိုက်၏)

အထက်တန်းကျောင်းသို့ ရောက်ပြီးနောက် လူရည် မချွန်နဲ့တချွန်အဖြစ် နှစ်ကြိမ်နှစ်ခါ အရွေးခံခဲ့ရသည်။ သို့သော် ဗဟုသုတစာစမေးပွဲတွင် . . .

"ရှေးခေတ် စစ်သည်စာဆိုကြီးတစ်ဦးရဲ့အမည်ကို သိသလား"

"သိပါတယ်၊ မြဝတီမင်းကြီး ဦးစလုံးပါ"

"မင်းကြီးတော်ကြီး ဦးစလုံးလား၊ ဦးစကွ ဦးစ"

"ဪ. . . ဟုတ်. . . ဟုတ်ကဲ့. . . "

"နောက်မေးခွန်းက အင်း. . . ဝိဇယကုမ္မာမင်းသားရဲ့ ကြင်ရာတော် ဘီလူးမ နာမည် ဘယ်သူလဲ"

"မင်းသုဝဏ်ပါ"

"နင့်မေကလွှား၊ မယ်ကုဝဏ်ပါဟ"



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် အမှတ်ပြည့်မရသောကြောင့် 'လူရည်ချွန်' အရွေးမခံရဘဲ 'လူရည်တုံး' ဖြစ်သွား၏။

တကယ်တော့လည်း ဒါ ကျွန်တော့်အပြစ်မဟုတ်ပါ။ ထိုပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင်က သူတို့နာမည်ကို သူတို့ဘာသာ မရှင်းမရှင်းမှည့်ခေါ်ထားသောကြောင့် ဖြစ်ပါသည်။

ဆယ်တန်းအောင်ပြီးသည့်နောက်မှာတော့ ဆေးတက္ကသိုလ်သို့ ယောင်ပေယောင်ပေနှင့် ရောက်သွား၏။ ကျောင်းစာများကို လက်ဖက်ရည်ဆိုင်မှာတစ်လှည့်၊ ဆေးရုံမှာတစ်လှည့် အပတ်တကုတ်လေ့လာရှာဖွေ ဆည်းပူးရင်း ၁၉၉၉ ခုနှစ်တွင် M.B.B.S ဘွဲ့ကိုရလေတော့သည်။

ဆရာဝန်ဖြစ်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဆေးလောကကို ကျောခိုင်းပြီး စာပေလောကထဲ ခြေစုံပစ်ဝင်ကာ တောင်မရောက် မြောက်မရောက်စာတွေရေး၏။ အဟုတ်မှတ်သော ထုတ်ဝေသူတို့ကလည်း အညာခံရပြီး စာအုပ်တွေ ဘာတွေထုတ်ကြလေသည်။

တကယ်တော့ ၂၀၀၀ ပြည့်မှ ယနေ့အချိန်ထိ အလုပ်မရှိ၊ အကိုင်မရှိ၊ ယောင်နေဆဲ၊ အပျင်းကြီးနေဆဲ။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော့်လိုကောင်က စည်းနှင့်ကမ်းနှင့် အစဉ်အလာနှင့် အဆုံးအမနှင့် တည်ဆောက်ထားသော လူ့အဖွဲ့အစည်းအတွက်တော့ သူစိမ်းတစ်ရံဆံ (Alien) သာဖြစ်သည်။

လက်ဖက်ရည်ဆိုင်မှထသောအခါ ဆိုင်ပိုင်ရှင်ထံ တလေးတစားခွင့်တောင်းပြီး ဆုံးမစာ၊ သတိပေးစာဆိုင်းဘုတ်တွေကို ဓာတ်ပုံရိုက်ယူခဲ့သည်။

ရန်ကင်းတောင်ဆီသို့ ကျွန်တော်တို့ ခရီးဆက်ကြသည့်အချိန်တွင် ညနေအတော်စောင်းနေလေပြီ။ လမ်းတစ်လျှောက်တွင် လူငယ်လူရွယ်လေးတွေ နှစ်ယောက်တစ်တွဲစီးနင်းလာသည့် ဆိုင်ကယ်အတော်များများက ကျွန်တော်တို့ကားကို အရှိန်ပြင်းပြင်း မောင်းနှင် ကျော်တက်သွားကြသည်။

တချို့က ဆိုင်ကယ်ရှေ့ ခြင်းထဲတွင် ထမင်းဘူးလေးတွေနှင့် . . .။



www.burmeseclassic.com

www.burmeseclassic.com



တချို့ က ဖိုင်တွဲတွေနှင့် . . . ၊ တချို့က ကုမ္ပဏီဝန်ထမ်းဝတ်စုံနှင့် . . . ၊ တချို့က အရောင်းစာရေးမ ဝတ်စုံနှင့် . . . ။

သူတို့တွေ ဘယ်ဆီကိုများ အပြေးအလွှားသွားနေကြပါသလဲ။

သူတို့ကိုကြည့်ရင်း ကျွန်တော် တစ်ခါကဖတ်ဖူးသော SHUSTERMAN ၏ ဝတ္ထုတစ်ပုဒ်ကို ဖျတ်ခနဲ သတိရလိုက်မိ၏။ ဝတ္ထုခေါင်းစဉ်က Catching Cold ဖြစ်သည်။

'အအေးမိခြင်း' ဟု အဓိပ္ပာယ် မဆောင်ပါ။ 'ရေခဲမုန့်ရောင်းသောကားကို လိုက်ဖမ်းခြင်း' ဟုသာ ဆိုလိုပါသည်။

ဝတ္ထုထဲတွင် ဇာတ်ကောင်ချာတိတ်ကလေးနာမည် မာတီ၊ သူက သူနေထိုင်သည့်လမ်းထဲသို့ ရောက်လာတတ်သော ရေခဲမုန့်ရောင်းသည့် ကားထံမှ ရေခဲမုန့်ဝယ်စားဖို့ ကြိုးစားသည်။ 'ကြိုးစားသည်'ဟု ပြောရခြင်းမှာ ထိုကားက အမိဖမ်းဖို့ အတော်ခက်သောကြောင့်ဖြစ်၏။

လမ်းထဲသို့ ကားဝင်လာပြီဆိုသည်နှင့် ရေခဲမုန့်ကြော်ငြာသော သီချင်းသံကို စကြားရသည်။ သီချင်းသံသဲ့သဲ့ကြားပြီဆိုသည်နှင့် တစ်ပြိုင်နက် ပိုက်ဆံကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ အိမ်အောက်သို့ ပြေးဆင်းတော့သည်။

သို့သော် ဘယ်တော့မှ ကားကို မီလိုက်သည်မရှိ။

ဘယ်နှကြိမ် ဘယ်နှခါကြိုးစားကြိုးစား၊ ဘယ်လောက်မြန်အောင် ပြေးပြေး၊ သူ လမ်းပေါ်ရောက်သည့်အခါတွင် တစ်စတစ်စ ဝေးကွာသွားပြီဖြစ်သော ရေခဲမုန့်ကြော်ငြာသီချင်းသံသာ ကျန်ရစ်ခဲ့တော့သည်။

လမ်းထဲရှိ အခြားကလေးသူငယ်တို့ကလည်း သူ့လိုပင် ပိုက်ဆံကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ရပ်ရင်း ဘယ်ဆီဘယ်ဝယ် ရောက်သွားပြီမှန်းမသိသော ရေခဲမုန့်ကားကို မျှော်ငေးနေရတော့၏။

အတော်မြန်သည့် ကားပင်။

လမ်းထဲရှိ မည်သည့်ကလေးကမျှ ထိုကားကို အမိ မဖမ်းနိုင်ကြ။ သူတို့ကြိုးစားတိုင်း လွတ်သွားစမြဲသာ။

အဲဒီကလေးတွေ ပါးစပ်ဖျားမှာ နှစ်ပေါင်းများစွာက ဒဏ္ဍာရီတစ်ပုဒ် ရှိသည်။

'ဂျမ်-ဂျမ်'ဟုခေါ်သော ချာတိတ်ကလေးတစ်ယောက်အကြောင်းပင်ဖြစ်သည်။ "ဂျမ်-ဂျမ်သည် အလွန်အပြေးသန်သည်ဟုဆို၏။ မည်မျှအပြေးသန်သနည်းဆိုသော် မော်တော်ကားနှင့်ယှဉ်ပြီး အပြေးပြိုင်လျှင်တောင် အနိုင်ရသည်ဟု နာမည်ကြီးသည်။

သည်လိုနှင့် တစ်နေ့. . . 'ဂျမ်-ဂျမ်' က ထိုရေခဲမုန့်ကိုမှ အရမ်းစားချင်လာသည်။ ပိုက်ဆံကိုလက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားပြီး ရေခဲမုန့်ကြော်ငြာသီချင်းသံကိုစောင့်သည်။

သီချင်းသံကြားရသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှ တစ်ဟုန်ထိုးပြေးဆင်းသွားသည်။ ရိပ်ခနဲမြင်လိုက်ရသော ရေခဲမုန့်ကားနောက်သို့မယုံကြည်နိုင်လောက်သည့်အရှိန်ဖြင့် ပြေးလိုက်သွားလေသည်။

သူ ရေခဲမုန့်ကားကို မီသလား၊ မမီသလား မည်သူမျှ မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော 'ဂျမ်ဂျမ်' သည် ဘယ်တော့မှ အိမ်ကို ပြန်ရောက်မလာတော့သောကြောင့်ဖြစ်သည်။

ချာတိတ်ကလေးမာတီက ထိုရေခဲမုန့်ကားကို တစ်နည်းနည်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားအောင်လုပ်နိုင်လျှင် ရေခဲမုန့် ဝယ်စားလို့ရပြီဟု တွေး၏။ ထို့ကြောင့် သူက မော်တော်ကားဘီးပေါက်သွားစေနိုင်လောက်သော သံချွန်တွေ၊ သံဆူးကြိုးခွေတွေကို မရမက ရှာဖွေစုဆောင်းတော့သည်။

နောက်ဆုံး သူလိုချင်သည့် လက်နက်ကိရိယာတွေစုံလင်သော အခါ ရေခဲမုန့်ကားလာတော့မည်ဟုထင်ရသည့်အချိန်တွင် လမ်းပေါ်၌ သံချွန်တွေကို အပြည့် ကြိုခင်းထားလိုက်သည်။

သူ့ရည်ရွယ်ချက်အောင်မြင်သွားသည်။ ရေခဲမုန့်ကားသည် သံချွန်များကိုနင်းမိပြီး 'ဒိုင်း'ခနဲ ဘီးပေါက်ကာ ထိုးရပ်သွားတော့၏။

ထိုအခါကျမှ သူအမြန်ပြေးသွားပြီး ကားခေါင်းခန်းဘေးမှာရပ်လိုက်သည်။ ဒရိုင်ဘာနေရာတွင် အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက် ထိုင်နေသည်။

"ရေခဲမုန့်တစ်ခုပေးပါ"

ထိုလူကြီးက ပြုံးပြပြီး ချာတိတ်ကလေးလှမ်းပေးသည့်ပိုက်ဆံကို ယူလိုက်သည်။ ထို့နောက်. . .

"ရပါတယ်ကွာ၊ တစ်ခုမကပါဘူး၊ ဒီကားထဲမှာပါတဲ့ ရေခဲမုန့်တွေ ကြိုက်သလောက်စားပေတော့"

ထိုလူကြီး၏စကားအဆုံးတွင် ဘယ်ကဘယ်လိုဖြစ်သွားသည်မသိ။ မျက်လှည့်ပြလိုက်သလိုပင်။

ချာတိတ်ကလေးက ကားခေါင်းခန်းထဲရှိ စတီယာရင်နောက်က ဒရိုင်ဘာထိုင်ခုံပေါ်တွင်ရောက်နေပြီး ထိုလူကြီးကတော့ ကားအပြင်ဘက်လမ်းပေါ်တွင် ရပ်လျက်သားဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒါက ဒါ ဘယ်လိုဖြစ်သွားတာလဲ"

ချာတိတ်ကလေးက တအံ့တသြမေးလိုက်သောအခါ ထိုလူကြီးက . . .

"ဟောဒီကားကို မီအောင်လိုက်ဖမ်းနိုင်တဲ့သူဟာ ရေခဲမုန့်ကို ကြိုက်သလောက်စားခွင့်ရှိတယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ အဲဒီလူဟာ ဘယ်တော့မှ ဒီကားပေါ်က ဆင်းခွင့်မရတော့ဘူး၊ ဟောဒီကားကို တစ်သက်လုံး မောင်းနေပေရော့ပဲ။ နောက်ထပ် တစ်စုံတစ်ယောက် ဒီကားကို မီအောင် မလိုက်နိုင်မချင်းပေါ့"

"ဗျာ. . . ဦးလေး ဦးလေး. . . တကယ်ပြောတာလား"

"အေး. . . ငါလည်း မင်းလိုချာတိတ်ဘဝတုန်းက ဟောဒီကားကို မီအောင်ပြေးလိုက်ခဲ့ဖူးတာပေါ့၊ ငါ့နာမည်က 'ဂျမ်-ဂျမ်' တဲ့။ အခုတော့ ငါက လွတ်ပြီကျွတ်ပြီပေါ့ကွာ၊ ကဲ. . . ကဲ. . . မင်းသာ ဟောဒီကားနဲ့ အတူ အရှိန်ပြင်းပြင်းရွေ့လျားနေပေဦးတော့ ချာတိတ်ရေ၊ မင်းနေရာကို အစားထိုးမယ့်လူတစ်ယောက်ယောက် ပေါ်မလာမချင်းပေါ့ကွာ၊ ဂွတ် ဘိုင်. . ."

●



www.burmeseclassic.com

www.burmeseclassic.com



(၄)

တချို့ကတော့ ဒီဝတ္ထုကို စိတ်ကူးဆန်းကြယ်ဝတ္ထု (သို့မဟုတ်) ဂမ္ဘီရ ဝတ္ထုအမျိုးအစားထဲတွင် ထည့်သွင်းသတ်မှတ်ကြမည်ထင်သည်။ ကျွန်တော်ကတော့ အဲသည်လိုမထင်ပါ။

ကလေးတွေ ရေခဲမုန့်နောက်ကိုပြေးလိုက်သလိုမျိုး ကျွန်တော်တို့ အားလုံးသည်လည်း ကိုယ်ဖြစ်ချင်သောဆန္ဒတစ်ခုခုနောက်ကို ပြေးလိုက်နေကြတာပဲမဟုတ်လား။

ချမ်းသာကြွယ်ဝမှု (ဒါမှမဟုတ်) အောင်မြင်ကျော်ကြားမှု (ဒါမှမဟုတ်) သြဇာအာဏာ. . . (ဒါမှမဟုတ်) . . . . ပြီးတော့. . . ပြီးတော့. . .

ရေခဲမုန့်ကားထဲတွင် တစ်သက်လုံးပိတ်မိပြီး မောင်းနှင်နေရသလိုမျိုး ကိုယ်ပြေးလိုက်ခဲ့ရသည့်လိုချင်မှုတွေထဲမှာ တစ်သက်လုံး ပိတ်မိ၊ မောင်းနှင်နေရဦးမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မန္တလေးမြို့က လမ်းတွေပေါ် ပြေးလွှားနေသည့် ဆိုင်ကယ်တွေကိုကြည့်ပြီး မေးခွန်းထုတ်နေမိသည်။

ဟောဒီထဲမှာရော. . . 'ဂျမ်-ဂျမ်' လို လူငယ်လေးတွေ ဘယ်နှယောက်ပါနေမလဲ။

●



www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျွန်တော့်လို အရိုင်းအစိုင်းယဉ်ကျေးမှုကို သယ်ဆောင်လာသည့် သူစိမ်းတစ်ရုံဆံတွေ. . .

'ဂျမ်. ဂျမ်' လို အပြေးသန်သည့် လူငယ်တွေကတော့ မန္တလေးမြို့ ထဲကို ရောက်နေကြလေပြီ။

မန္တလေးမြို့ကတော့ ကော်ဖီပူပူလေးတစ်ခွက်ကို သောက်နေဆဲ။

■



www.burmeseclassic.com

www.burmeseclassic.com



# တကယ့်အဖြစ်အပျက်ကိုရိုက်တဲ့ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပျူခေတ်က အများသုံးအိမ်သာလောက်လည်း မရှားပါး၊ အိုစမာဘင်လာဒင်၏ မှတ်ဆိတ်မွေး အရေအတွက်လောက်လည်း မပေါများသော အရာမှာ 'ရုပ်ရှင်ရိုက်ဖို့ကောင်းသောဇာတ်လမ်း' ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

●

အခုတစ်လောတွင် ကျွန်တော့်ကို တီဗီဇာတ်လမ်းတွဲရိုက်ဖို့ ဒါရိုက်တာအဖြစ် ကမ်းလှမ်းသူတွေ ထူးထူးဆန်းဆန်းပေါများနေ၏။ (သူတို့အားလုံး ဖြုန်းခနဲ တစ်ပြိုင်တည်းလိုလို ရူးသွားကြတာလည်းဖြစ်နိုင်ပါသည်)

သူတို့က မြွေမကြောက် ကင်းမကြောက် အပ်ရဲသည့်တိုင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ရိုက်ချင်သည့်ဇာတ်လမ်းကမရှိ။

တချို့ကလည်း "ကိုရီးယားကားတွေကို သနားတယ်" ဟု ခပ်တည်တည်ကြီးဆိုမိန့်ကြ၏။ ကျွန်တော်လည်း သူတို့လို ပြောရဲဆိုရဲရှိချင်လှပါသည်။ အနည်းဆုံး မျက်နှာပြောင်တိုက်ပြီး ပြောရမည်ဆိုလျှင်ပဲ ဖြစ်ဖြစ်ပေါ့။

သည်တော့ ကျွန်တော် ဇာတ်လမ်းကောင်းတစ်ခုခုရှာရတော့မည်။ ဘယ်လိုဇာတ်လမ်းမျိုးရိုက်ရင် ကောင်းမလဲ။

●



www.burmeseclassic.com

www.burmeseclassic.com



(၁)

အရင်ဆုံး ကျွန်တော့်ခေါင်းထဲတွင်ပေါ်လာသည်က ကျွန်တော်တို့နေသော ရပ်ကွက်ထဲမှ ကုလားမကြီးတစ်ယောက်အကြောင်းဖြစ်သည်။

ငယ်စဉ်ကတည်းက ကျွန်တော်မှတ်မိသလောက် အဲသည်ကုလားမကြီးသည် ဘယ်တုန်းကမှ ရေချိုးသည်ဟူ၍ ရှိခဲ့ဖူးပုံမပေါ်။ အသက်ငါးဆယ်ခန့်၊ ဝဝဖိုင့်ဖိုင့်၊ မည်းမည်းသဲသဲ၊ ပုအိုင့်အိုင်ခန္ဓာကိုယ်သည် အမြဲတမ်း နံစော်လျက် ကြေးအထပ်ထပ်နှင့်။ ငါးပိရောင် မွဲညစ်ညစ်ထဘီတစ်ထည်ကို ပုံသေရင်ရှားထား၏။ သို့သော် ကုလားမကြီးကား ခေသူတော့မဟုတ်။

ယောကျ်ားနှစ်ယောက်ကို ခင်ပွန်းလင်အဖြစ် အတည်အတံ့ယူထားပြီး တစ်အိမ်တည်းတွင် လင်နှစ်ယောက်စလုံးကို အတူထားကာ ပေါင်းသင်းနေသူဖြစ်၏။ စိတ်ကူးယဉ်ဇာတ်လမ်း မဟုတ်။ တကယ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းလျှင် ကုလားမကြီးက အိုးစရည်းတစ်လုံးထဲတွင် မန်ကျည်းဖျော်ရည်စပ်သည်။ ပြီးလျှင် ဆိုင်းထမ်းနှစ်ထမ်းထဲသို့ခွဲထည့်ကာ မန်ကျည်းဖျော်ရည်အထမ်းနှစ်ထမ်းကို သူ့ယောက်ျားနှစ်ယောက်၏ လက်သို့ အပ်သည်။

လင်တစ်ယောက်လျှင် မန်ကျည်းဖျော်ရည်တစ်ထမ်းစီသယ်ကာ (ပထမလား ဒုတိယလား မသိရသော) လင်သည်က တောင်ဥက္ကလာတွင် မန်ကျည်းဖျော်ရည်ရောင်းရပြီး (အခြားသော ပထမလား ဒုတိယလား ခွဲခြားမသိနိုင်သည့်) လင်သည်တစ်ယောက်ကမူ ရန်ကုန်မြို့ထဲတွင် လှည့်လည်ရောင်းချရ၏။

ကုလားမကြီးကား မန်ကျည်းဖျော်ရည် ကုမ္ပဏီလုပ်ငန်းစု၏ အမှုဆောင်ဒါရိုက်တာချုပ် (C.E.O) ပင် ဖြစ်ချေသည်မဟုတ်လား။

ဒီဇာတ်လမ်းမျိုးဆိုလျှင် တကယ့်ဖြစ်ရပ်မှန်ကို အခြေခံထားခြင်းကြောင့် ပရိသတ်လည်းစိတ်ဝင်စားမည်။ ပြီးတော့ လက်တွေ့ဘဝနှင့်လည်း နီးစပ်သောကြောင့် ဘဝသရုပ်မှန် ရီရယ်လစ်ဇင်စစ်စစ်၊ ပြည်သူ့အကျိုးပြုဇာတ်ကားကြီး. . . ဘာညာကွိကွ စသဖြင့်လည်း အင်တာဗျူးတွေမှာ အာပေါင်အာရင်းသန်သန်ပြော၍ ရမည်။

ရုပ်ရှင်သဘောအရ ကုလားမကြီး၏ငယ်ဘဝကို နောက်ကြောင်းပြန် (Flash Back) ပြရလျှင် ကုလားမကြီးသည် ကုလားသူဌေးကြီးတစ်ယောက်၏ မယားငယ်ဖြစ်၏။

သွားပြီ. . .။ ရှုပ်ကုန်ပြီ။

သူတို့တွေအချင်းချင်း ဘယ်လို တော်စပ်ကုန်ကြမယ် ဆိုသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း မပြောတတ်။ သို့သော် ဒီဇာတ်လမ်းကို ကျွန်တော်ရိုက်ဖြစ်အောင် ရိုက်မည်။

ရိုက်ပြီးလျှင် ဇာတ်ကားနာမည်ကို 'ပေါက်' သွားအောင် ပရိသတ်နားစွဲပြီးသား ခေါင်းစဉ်တစ်ခုခု ပေးထည့်ပစ်လိုက်မည် ဟု စိတ်ကူးထား၏။

ဟုတ်ကဲ့. . . (အန်ကယ်ကြီး သခင်တင်မြ စိတ်မဆိုးဘူးဆိုလျှင်)

'ဘုံဘဝမှာဖြင့်. . .' ဟု ပေးချင်ပါသည်။

မကောင်းဘူးလားခင်ဗျာ။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

မင်းသမီးကို အသားပေးသည့်ဇာတ်ဆိုလျှင် မြန်မာပရိသတ်က သိပ်မကြိုက်ဟု တချို့ကပြောကြ၏။ ဒါဆိုလျှင်တော့ မင်းသားကို အား ပြုသည့်ဇာတ်လမ်းမျိုး ရှာရဦးမည်။

ဒါကလည်း သိပ်မခက်ခဲလှပါ။ ကျွန်တော်တို့သူငယ်ချင်းတစ်စု ပိုက်ဆံပြတ်တိုင်း သွားသွားစားနေကျ တာမွေက လမ်းဘေးထမင်းဆိုင် လေးတစ်ဆိုင်အကြောင်း ရိုက်ပြလျှင် ဖြစ်နိုင်သည်ပင်။ ဒါလည်း စိတ် ကူးယဉ်ဇာတ်လမ်းမဟုတ်။

တကယ့်လူနေမှုဘဝထဲက တကယ် လှုပ်ရှားရုန်းကန်နေရသော လူသားတွေအကြောင်း။

ထမင်းဆိုင်လေးက အဝစား ငါးရာကျပ်ဖြင့် ဆိုက်ကားသမားတွေ၊ အထမ်းသည်တွေ မှီခိုရာ၊ အားပေးရာ လမ်းဘေးဆိုင်၊ ခနော်နီခနော်နဲ့ ကလေး. . .။ သစ်သားပြားအဟောင်းလေးတစ်ချပ်ပေါ်တွင် မြေဖြူခဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မညီမညာရေးထားသော 'မစိန်ညွန့်ထမင်းဆိုင်' ဟူသည့် ဆိုင်းဘုတ်ကလေးရှိသည်။

မစိန်ညွန့်က ဒီထမင်းဆိုင်လေး၏ ပိုင်ရှင်ဖြစ်ရှိသာမက သူပဲ ထမင်းချက်၊ ဟင်းချက်၊ ပြီးလျှင် ဒန်အိုးအစုတ်လေးငါးလုံးထဲတွင် ဟင်းတွေထည့်၊ ညနေစောင်းလျှင် ဆိုင်ခင်း၊ ကိုယ်တိုင်ရောင်း၊ ဆိုင်မှာ လူကျလျှင်တော့ သမီးအကြီးမကပါ ဝင်ကူ၊ ဒီလိုနှင့် လည်ပတ်ရပ်တည်နေရခြင်းဖြစ်၏။

မစိန်ညွန့်က ဆိုင်မှာ ထမင်းကိုသာရောင်းသည်မဟုတ်ဘဲ အရက်ပုန်းကလေးများကိုလည်း လစ်လျှင်လစ်သလို အနည်းအကျဉ်း ရောင်းတတ်၏။

BURMESE CLASSIC

ကြည့်. . .။ အဲသည်မှာတင် ဇာတ်က 'နာ'နေပြီ။

လမ်းဘေးထမင်းဆိုင်ကလေးနှင့် အရက်ပုန်း ရောင်းစားရသော အခြေခံကျကျ မိသားစုဘဝလေး. . .။

ရုပ်ရှင်ကြည့်ပရိသတ်များအားလုံး အဲသည် ဇာတ်ကားကိုကြည့်ပြီး မျက်ရည်တွေ ဘူးသီးလုံးလောက်ကျဖို့သာ ပြင်ထားပေရော့။ ဒီဇာတ်ကားကြည့်ပြီးလို့မှ မငိုရလျှင် ပရိသတ်များကို တစ်ဦးလျှင် သားရေကွင်းတစ်ကွင်းစီ လက်ဆောင်ဝေငှပါမည်။

ကိုယ့်မျက်စိကိုယ် သားရေကွင်းဖြင့် ပစ်ပါ။ မုချဆတ်ဆတ်. . . မျက်ရည်ပေါက်ပေါက်ကျရပါစေမည်။ တကယ်ပါ. . .။ ကျွန်တော် ညာမပြောတတ်ပါ။

ဒီဇာတ်လမ်းမှာ မင်းသားက မစိန်ညွန့်၏ခင်ပွန်း ကိုအောင်မှိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လိုက်မင်းသားကို အားပြုရမည့်ဇာတ်ကားဖြစ်သောကြောင့် ကိုအောင်မျှင်၏ 'လုပ်ကွက်'ကို အသားပေးပြီးရိုက်ရမည်။ ကိုအောင်မျှင် ဘာလုပ်သနည်း။

ညနေစောင်း၍ မစိန်ညွန့်က ဆိုင်ခင်းပြီဆိုသည်နှင့် ကိုအောင်မျှင် တစ်ယောက် ဆိုင်ဘေးက ထန်းပလပ်ဖြင့်လုပ်ထားသော ပက်လက် ကုလားထိုင်ပေါ် ကျောခင်းသည်။ မစိန်ညွန့်ဝယ်ပေးထားသော အရက် ဖြူကို တစ်ကျိုက်ပြီးတစ်ကျိုက်ငုံသည်။ မယားဖြစ်သူ ဈေးရောင်းနေ သည့်အိုးထဲမှ ဟင်းကို စွတ်ကယ်စွတ်ကယ်နှိုက်ကာ အမြည်းအဖြစ်မြုံ့ သည်။

မူးပြီ. . . ဝပြီဆိုသောအခါ ပက်လက်ကုလားထိုင်ပေါ်တွင် စန့်စန့် ကြီး စံပယ်တော်မူကာ တခေါခေါနှင့် အိပ်စက်လေတော့သည်။ အိပ်ရာ ကနိုးသည်နှင့်တစ်ပြိုင်နက် သောက်တော်မူးဘူးကို လှမ်းဆွဲကာ သုံးလေး ငါးကျိုက်မော့သည်။ ခပ်ထွေထွေ အရှိန်ကလေးရလာကာမှ မယား ဖြစ်သူပြင်ပေးသော ထမင်းဇလုံကို ပါးဖြဲနားဖြဲစား၏။

ပြီးလျှင်တော့ စိမ်ပြေနပြေဇိမ်ခံပြီး တမြေ့မြေ့သောက်လေတော့ သည်။ ဆိုင်သိမ်းချိန်ဆိုလျှင် ကိုအောင်မျှင်တစ်ယောက် အမူးလွန်နေ ချေပြီ။ မထနိုင်တော့။ မယားဖြစ်သူ မစိန်ညွန့်က ဆိုက်ကားတစ်စီးငှား ပြီး ကိုအောင်မျှင်ကိုတင်ပေးကာ အိမ်သို့အရင်ပို့ခိုင်းရသည်။ သူကိုယ်တိုင် သားအမိကတော့ အိုးတွေ ပန်းကန်တွေကို ထမ်းကာရွက်ကာဖြင့် ဆိုက် ကားနောက်က လမ်းလျှောက်ပြီးလိုက်ရ၏။

သို့သော် ကိုအောင်မျှင်ကား အလကားလူမဟုတ်။ လူပေါ်ကြော


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ မစိန်ညွန့်၏ထမင်းဆိုင်က ညပိုင်းဖွင့်သော လမ်းဘေးဆိုင်ပီပီ အရက်သမားတွေလာတတ်သည်။ မကြာခဏဆိုသလို ရန်ပွဲတွေဖြစ်ကြသည်။ ရိုက်ကြနှက်ကြသည်။ အနည်းဆုံး တစ်လတစ်ခါလောက်တော့ ပြဿနာတက်နေကျ။

ပြဿနာဖြစ်လိုက်ပြီဟော့. . . ဆိုသည်နှင့် နယ်မြေတာဝန်ကျရဲကလည်း ချက်ချင်း ရောက်လာတော့သည်။ ပြီးလျှင် . . .

"ဆိုင်ပိုင်ရှင် ဘယ်သူလဲ"

ဒီလိုအခါမျိုးတွင် ကိုအောင်မျှင်က သူစံမြန်းရာ ထန်းပလပ်ကုလားထိုင်ပေါ်မှ မားမားကြီးထရပ်လိုက်ကာ . . .

"ကျွန်တော်ပါပဲ"

"အေး. . . ဒါဆို မင်း စခန်းကိုလိုက်ခဲ့"

ဒါမျိုးကြုံဖူးပေါင်းများနေပြီဖြစ်သော ကိုအောင်မျှင်က တစ်ချက်မျက်နှာမပျက်။ သူဝတ်နေကျ အနွေးထည်အင်္ကျီဟောင်းလေးကို ပခုံးပေါ်လွှားတင်လိုက်ပြီး အချုပ်ခန်းဆီသို့ ရင်ကော့ကာ လိုက်လေတော့သည်။

အရေးကြီးသည်က မစိန်ညွန့်အဖမ်းခံရ၍ လုံးဝမဖြစ်။ မစိန်ညွန့်အဖမ်းခံရလျှင် ထမင်းဆိုင်ပိတ်သွားမည်။ ကလေးတွေအားလုံး ငုတ်တုတ်ငတ်သွားမည်။ ထို့ကြောင့် ကိုအောင်မျှင်က ခေါင်းခံပြီး အချုပ်ခန်းထဲသို့ဝင်ရ၏။

သူ့အတွက်တော့ သူပူစရာမလို။ ထုံးစံအတိုင်း နောက်တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ကျလျှင် မစိန်ညွန့်က အာမခံမည့်သူကြံဖန်ရှာလာပြီး သူ့ကို အချုပ်ထဲမှ လာထုတ်လိမ့်မည်သာ။

●



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း. . . ဘယ်လောက်လှပသိမ်မွေ့ နက်နဲသည့် မိသားစု မေတ္တာဖွဲ့ဇာတ်လမ်းလဲ။ ဒါမျိုးကိုမရိုက်နိုင်သည်မှာ မြန်မာ ရုပ်ရှင်လောကသားတွေ ညံ့ကြသောကြောင့်ဖြစ်သည်။ ပြည်သူလူထုအတွင်း အခြေခံကျကျ ကွင်းဆင်းမလေ့လာကြသောကြောင့် ဖြစ်သည်။

ကျွန်တော်ကတော့ ဒီဇာတ်ကားကို ရိုက်ဖြစ်အောင်ရိုက်မည်။ အထူးသဖြင့် အချုပ်ထဲမှ ပြန်လွတ်လာသည့်အချိန်တွင် ကိုအောင်မျှင်၏ အပြုံး. . .။ ကိုအောင်မျှင်၏ ဂုဏ်ယူပီတိဖြစ်နေသော ဖောသွပ်သွပ် မျက်နှာကို အသားပေး၍ပြမည်။

ပြီးလျှင် စလိုးမိုးရှင်းခေါ် အနှေးပြကွက်ဖြင့် ကိုအောင်မျှင်၏ချစ်ဇနီးရှိရာဆီ ဝုံ့ဝုံ့ကြွားကြွား ပြန်လာနေသောခြေလှမ်းများ. . .။

ဇာတ်ကားနာမည်ကိုတော့ ရွှေဒုံးဘီအောင် ဆန်ဆန်လေး. . .။

'ဗိုလ်အောင်မျှင် ပြန်လာပြီ'

●

ကြောင်နစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၃)

တချို့ကလည်း ပရိသတ်ကို ပညာပေးတဲ့ဇာတ်ကားမျိုး ရိုက်ပါလား' ဟု အကြံပေးကြသည်။ ဆရာဦးသုခ၏ 'ရဟန်း မစားရသော ဆွမ်းတစ်နပ်' တို့ 'တစ်ပါးသီလ' တို့လို ဇာတ်ကားမျိုးဆိုလျှင် အနုပညာလည်းမြောက်၊ ပရိသတ်လည်း အသိပညာရသည်ကိုရည်စူးပြီး ပြောကြခြင်းဖြစ်၏။

ကျွန်တော်လည်း ပရိသတ်ကြီးကို ပညာတွေပေးပါတော့မည်။ လွယ်ပါသည်။ ဒီလိုဇာတ်လမ်းမျိုးကို မင်္ဂလာဆောင်မယ်. . . တို့ ဘာတို့လို စာစောင်တွေထဲမှာပင် လိုက်ရှာနေစရာမလိုပါ။

ကျွန်တော့်တပည့်ကျော် တစ်ယောက်၏အဖြစ်အပျက်ကို ဇာတ်လမ်းဆင်ပြီး ရိုက်လိုက်ရုံနှင့် ပရိသတ်ကို ပညာတွေတစ်ပွေ့တစ်ပိုက်ကြီးပေးလို့ရသည်။

တပည့်ကျော်နာမည်က အောင်စောထွန်း။ အညာကဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည့် တကယ့်မအူမလည်ငနဲ၊ လူကသာ မအူမလည်၊ ရှုပ်ချင်ပွေချင်သည့် နေရာမှာတော့ နှစ်ယောက်မရှိ။

ဖြစ်ချင်တော့ ရန်ကုန်ကသူဌေးသမီးဂိုက်ဖမ်းနေသော ပေစုတ်စုတ် မတမ်းမတစ်ယောက်နှင့် အဲဒီအညာသားမလည်ရှုပ်တို့ ဘယ်လိုဆုံပြီး ဘယ်လိုကြိုက်သွားကြသည်မသိ။ (ခွေးငတ်နှင့်ဖိနပ်ပြတ် တွေ့သည့်နိမိတ်ပုံကိုရိုက်ကူးပြီး ဇာတ်လမ်းကိုစဖွင့်လိုက်မည်) လူချင်းချစ်ကြိုက်ရုံနှင့်မပြီးဘဲ မိန်းကလေးအိမ်ကိုပါ ဝင်ထွက်သွားလာနေရာမှ မတော်ရသေးသော ယောက္ခမလောင်းကြီးက သဘောကျပြီး သားမက်လောင်းမလည်ရှုပ်ကို ရွှေလက်စွပ်တစ်ကွင်း ဆင်မြန်းပေးလိုက်သည်။ (အဲသည်မှာ ဇာတ်အရှိန်က တစ်ချက် ဆောင့်တက်သွား၏။ ထိုနေရာတွင် 'ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဈဂေါဏ မတဲ့ကိန်းဆိုက်ပြီ' ဟူသော နဂါးနီသီချင်းထဲမှစာသားကို ဇာတ်ဝင်တေးအဖြစ်သုံးမည်ဟု ကျွန်တော် စိတ်ကူးထား၏)

အောင်စောထွန်းကလည်း ရွှေလက်စွပ်တဝင်းဝင်း၊ ယောက္ခမလောင်းကလည်း တပြုံးပြုံးဖြစ်နေပုံကို shorts ဟုခေါ်သော ပြကွက်အတိုများဖြင့် နှစ်ဖက်အပြန်အလှန် Parallel ပြပါမည်။

သို့သော် သိပ်မကြာလိုက်။ အောင်စောထွန်းတစ်ယောက် အဲသည်ကောင်မလေးနှင့် မယူဖြစ်တော့ဘဲ ကွဲသွားကြတော့သည်။

မိုက်ရိုင်းလိုက်ပုံများကတော့ . . . သူ့သမီးကို မယူသည့်အပြင် ရွှေလက်စွပ်ကိုပါ ပြန်မပေးတော့ဘဲ အပိုင်နှံလိုက်၏။

ဒီအခန်းကို ရိုက်ကူးသည့်အခါတွင်တော့ အောင်စောထွန်း၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဆီ နှစ်ဆယ်သားခန့်သုတ်လိမ်းပြီး မှန်ဖြင့်ထိုးကာ မျက်နှာ တပြောင်ပြောင်ဖြစ်နေပုံကို ပေါ်လွင်အောင်ပြသရမည်။ ဒါတောင်မှ အပြင်မှာ တကယ့်မျက်နှာပြောင်ပုံကို လိုက်မီလိမ့်မည်ဟု ကျွန်တော် မယုံကြည်ချေ။

(ငနဲသားကတော့ သူ့လက်က ဟာကို သူ၏ ဘုန်းညွန့် ကံညွန့် အရှိန်အဝါကို မနေသာသောကြောင့် သိကြားမင်းက လာရောက်ဆက် သရသည့် လက်ဝတ်ရတနာအလား သဘောထားပြီး ရုပ်အတည်ကြီး လုပ်နေလေ၏)

သည်အထိကတော့. . . တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်း။ နောက် ပိုင်း သူ့မကောင်းမှုဒဏ် သူပြန်ခံရပုံကိုတော့ ကျွန်တော်တို့ဘာသာ လုပ်ကြံဇာတ်လမ်းဆင်ပြီး ဖြည့်စွက်ရမည်။ ဒါမှ ပရိသတ်ကိုလည်း ပညာ ပေးပြီးသား ဖြစ်သွားမည်။

ကျွန်တော်က ဒီလိုစဉ်းစားထား၏။

အောင်စောထွန်း မရှုမလှသေသွားပုံကိုပြမည်။ ဒါတင်မကသေး။ သူ မတရားယူထားသော ရွှေလက်စွပ်တစ်ကွင်း၏ သံသရာအကြွေးကို ဆပ်ရန် မတော်လိုက်ရသော ယောက္ခမအိမ်တွင် နွားဘဝဖြင့် ပြန်ဝင် စားရပုံကို ရိုက်ပြမည်။

ကြည့်စမ်း. . . ကံကောင်းလျှင် ဆရာဦးသုခထက်ပင် နာမည်ကြီး သွားနိုင်သေး၏။ ပြီးတော့ ကျွန်တော်ကလည်း အဲဒီဇာတ်ဝင်ခန်းတွင် ပရိသတ်ကို ပညာတွေ ရေရေလည်လည်ပေးမည်။ ဩဝါဒတွေ ပေးမည်။ ဗဟုသုတတွေပေးမည်။ သိသလောက် တတ်သလောက်၊ ကောင်းမရောက်



www.burmeseclassic.com

www.burmeseclassic.com



မြောက်မရောက် တရားဒေသနာအတိုအစတွေ ပေးမည်။ (လိုအပ်မည် ထင်လျှင် ဆန်တစ်ပြည်နှင့် ဆီငါးကျပ်သားစီပါ ထည့်ပေးမည်။ ပရိသတ် ကြိုက်ဖို့သာ လိုရင်းမဟုတ်လား)

အောင်စောထွန်း အဖြစ်ဆိုးပုံများ. . . နွားဖြစ်တာတောင် ရိုးရိုး နွားမဟုတ်။ နွားမကြီးတစ်ကောင်ဘဝဖြင့် ပြန်ဝင်စားခြင်းဖြစ်သည်။

မတော်လိုက်ရသော ယောကျ်ားမကြီးက အောင်စောထွန်းတစ်ဖြစ်လဲ နွားမကြီးကို မကြာမကြာဆိုသလို ဇီးတင်သည်။ နွားနို့ညှစ်ပြီး ရောင်းစားသည်။

ယောကျ်ားမကြီးက နွားနို့ဖိုးပိုက်ဆံများဖြင့် ရွှေလက်စွပ်တစ်ကွင်း ဝယ်ဝတ်သည့်နေရာအရောက်တွင် ဇာတ်လမ်းကို တိခနဲရပ်ပစ်လိုက်မည်။ ဇာတ်ကားအမည်ကိုတော့ ဆရာဦးငြိမ်းမင်းထံမှမှီးလိုက်လျှင် ကောင်းမည်ထင်သည်။

"ယောကျ်ားမနို့ဖိုး"

●



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကျွန်တော် တကယ်ရိုက်ချင်သည့်ဇာတ်လမ်းတွဲက တစ်မျိုးဖြစ်၏။

ဇာတ်လိုက်မင်းသားမင်းသမီးမပါ။ ဇာတ်ကောင်မပါ။ ဇာတ်ကွက် ဇာတ်လမ်းမရှိ။ သင်. . . သည်းခံနိုင်လျှင် သည်းခံနိုင်သလောက် မပြီးနိုင်မစီးနိုင် စောင့်ကြည့်ရမည့် ကမ္ဘာပေါ်မှာ အရှည်လျားဆုံးဇာတ်လမ်းတွဲလည်း ဖြစ်သွားနိုင်သည်။

သိပ် ထွေထွေထူးထူးတော့ မဟုတ်ပါ။

ဘယ်တော့မှမဖွင့်ဘဲ လိုက်ကာတွေ အမြဲတမ်းချထားတတ်သည့် ပြတင်းပေါက်ကလေးတစ်ပေါက်အကြောင်း ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျွန်တော် ယခုနေသောအိမ်ကို စ ပြောင်းလာကတည်းက ခြေရင်းခြံမှ နှစ်ထပ်တိုက်ကလေးကို စိတ်ဝင်စားခဲ့မိသည်။

ကျွန်တော့်အိပ်ခန်းမှကြည့်လိုက်လျှင် တစ်ဖက်အိမ်၏တံခါးသုံးချပ်တွဲ ပြတင်းပေါက်အကျယ်ကြီးကို လှမ်းမြင်နေရ၏။ သို့သော် အဲသည် ပြတင်းပေါက်က ဘယ်တော့မှ ဖွင့်မထား။ အမြဲတမ်း လိုက်ကာတွေကို အပြည့်ချထားသည်။

ဘာကြောင့်မှန်းတော့ ကျွန်တော်လည်း မသိ။ ဘယ်သူတွေ နေထိုင်သောအိမ်မှန်းလည်း စိတ်မဝင်စား။

ကျွန်တော်စိတ်ဝင်စားသည်က လိုက်ကာတွေချထားသော ပြတင်းပေါက်ကိုသာဖြစ်၏။

ဇာတ်လမ်းတွဲရိုက်မည့် ကျွန်တော့်စိတ်ကူးက ရိုးရိုးကလေးပင် ဖြစ်သည်။ အဲသည်ပြတင်းပေါက်ဆီသို့ ကင်မရာကိုချိန်ကာ သုံးချောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခုံပေါ်တွင် နေရာချပြီး တောက်လျှောက်ပုံသေရိုက်ထားမည်။

ဘာ ကင်မရာအထူးပြုလုပ်ချက်မှ မလို။ မည်သည့်အလင်းပေး စနစ်မှ မလို။ အသံဖမ်းဖို့ မလို။ မီးထိုးမှန်ထိုး မလို။ ဇာတ်ညွှန်း မလို။

လင်းလျှင် လင်းသည့်အတိုင်း၊ မှောင်လျှင်မှောင်သည့်အတိုင်း ပြတင်းပေါက်ကလေးကို နဂိုရည်မပျက် မြင်တွေ့နေရမည်ဖြစ်သည်။

မိုးရာသီဆိုလျှင်လည်း ပြတင်းပေါက်ကလေးပေါ် မိုးစက်တွေ စို စွတ်ထိစင်ပုံကို သင်တို့ တွေ့မြင်ကြရမည်။ ဆောင်းရာသီဆိုလျှင်လည်း ပြတင်းမှန်သားပေါ် နှင်းငွေ့တွေ ဟပ်သည်ကို တွေ့ကောင်းတွေ့မြင် ကြရမည်။ နွေရာသီဆိုလျှင်လည်း ပြတင်းပေါက်ပေါင်ပေါ်တွင် လင်းပ နေသည့် နေခြည်နွေးနွေးကို မြင်နိုင်လိမ့်မည်ဖြစ်ပါသည်။

ရုံဖန်ရံခါ. . . အဲသည် အိမ်အခန်းတွင်းက မီးခလုတ်ဖွင့်လိုက် သဖြင့် ပြတင်းမှန်သားပေါ် မီးလုံးအလင်းရောင် ရိုက်ခတ်သည့်အခါ များတွင်မူ သင်တို့ နည်းနည်းပါးပါး ရင်ခုန်နိုင်ပါသည်။ ဘာများဖြစ်လာ ဦးမလဲ. . . ပေါ့။

ပြီးတော့ မီးခလုတ်ကိုမှိတ်လိုက်သဖြင့် မှောင်အတိကျသွားပြီဆို လျှင်တော့ သင်တို့ သက်ပြင်း ချလိုက ချနိုင်ပါသည်။

ပြတင်းပေါက်ကလေးကတော့ လိုက်ကာချလျက်သား ရှိမြဲရှိနေ မည်ပင်။

ပြတင်းပေါက်ကလေးက ဘယ်တော့ပွင့်လာမှာလဲ။ ဒါတော့ ကျွန်တော်မသိပါ။ ကျွန်တော့်တာဝန်က ရိုက်ကူးတင်ဆက်ပြသရုံသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာကြာ မငြိးမငွေ့စောင့်ကြည့်မလဲဆိုသည်ကို ဆုံးဖြတ်ဖို့ကတော့ သင်တို့ကိစ္စသာဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကလေး ဘယ်တော့ပွင့်လာမလဲဆိုသည်ကို ကျွန်တော်မသိ။ သင်ကကော. . .

ရုပ်ရှင်ကားတစ်ကားအပေါ် ဘယ်အချိန်အထိ သင် စိတ်ရှည်သည်းခံနိုင်ပါသလဲ။

တစ်နေ့လား. . . တစ်မိုးလား. . . တစ်ဆောင်းလား. . .

တစ်နှစ်လား. . . ဆယ်နှစ်လား. . . အနှစ်နှစ်ဆယ်လား. . .

ကျွန်တော်ကတော့ ကမ္ဘာပေါ်မှာ အရှည်လျားဆုံးဇာတ်လမ်းတွဲကို ရိုက်ကူးပြသဖို့ အဆင်သင့်ဖြစ်နေပါပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



# အပုပ်အသိုးကောင်များ

ကျောင်းနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(ဤအဖြစ်အပျက်သည် ရုပ်ရှင် မဆန်ဆန်အောင် အတင်း ကြိုးစားယူရင်းက လွဲချော်ကျိုးပဲ့သွားခဲ့ရသော သုံးမရတော့သည့် ဓားသွားတစ်ချောင်းဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com



(၁)

ညၵ ဆံပင်ရှည်နက်နက်တွေ မျက်နှာပေါ် အုပ်ကျသွားသည်။

တောအုပ်တစ်ခုလုံး မှောင်အတိ ပိန်းပိန်းပိတ်သွား၏။ အလင်း၏ ဆံပင်ဖြူတစ်မျှင်တလေမျှပင် မတွေ့ရတော့။ ကြိုးတိုက်ထဲရောက်နေသူ တစ်ဦး၏ မွန်းကျပ်သော ခံစားမှုမျိုးဖြင့် တောအုပ်ကလေးသည် ချောက် ချောက်ချားချား တိတ်ဆိတ်နေသည်။

မုန်တိုင်းကို ပွေ့ချီလာသောမိုးသည် သစ်ခွဲ လှံဝိုင်းတစ်ခုလို တစီး စီးမြည်ကာ တောအုပ်ထဲသို့ တစ်ဟုန်ထိုး ပြေးဆင်းထိုးဝင်သွား၏။ သစ် ပင်တွေထွက်ပြေးရန် ကိုယ့်အမြစ်ကိုကိုယ် ကြမ်းကြမ်းတမ်းတမ်း ဆွဲနုတ် နေကြပုံမျိုး တဝုန်းဝုန်းခါယမ်းနေကြသည်။ ကမ္ဘာမြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်နေသည်ဟုပင် မှတ်ထင်ရ၏။

တောအုပ်အလယ်ရှိ သစ်လုံးအိမ်ငယ်ကလေးတစ်လုံး။

တံခါးများအားလုံးကို အလုံပိတ်ထားသည်။ အိမ်အတွင်းထွန်းညှိ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် မီးအိမ်ငယ်ကလေး၏အလင်းရောင်သည် အထိအစပ် ဟ နေသော နံရံကာသစ်လုံးများကြားမှ စိမ့်ထွက်ကျနေ၏။

အပြင်သို့ထွက်ကျလာသော မှန်အိမ်အလင်းဝါဝါသည် မိုးစိုကာ ရွှေရောင်အမျှင်အတန်းအစက်အပြောက်များဖြစ်သွားသည်။

မိုးသည်းနေသော တောအုပ်အမှောင်နက်နက်ထဲတွင် ဝိုးတဝါး အလင်းနှင့် သစ်လုံးအိမ်ကလေးသည် တစ္ဆေတစ်ကောင်၏မျက်လုံးနှင့် တူနေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

မိုးသံလေသံထဲတွင် သစ်လုံးအိမ်ကလေး၏ တံခါးကို တဝုန်းဝုန်း ပုတ်လိုက်သံက ပေါ်ထွက်လာသည်။ မီးအိမ်ငယ်ကလေး၏ ဘေးတွင် စာထိုင်ဖတ်နေသော အသက် လေးဆယ့်ငါးနှစ်အရွယ်ရှိ အိမ်ရှင်လူကြီး က ထလာပြီး တံခါးဖွင့်၏။

"ဦးလေးရယ်. . . ကျွန်မ ကျွန်မ ဒီမှာ တစ်ညလောက် တည်းပါ ရစေရှင်"

မိုးရေစက်များရွှဲရွှဲစိုကာ တစ်ကိုယ်လုံး တုန်ယင်နေသော မိန်းမပျို လေးကို အိမ်ရှင်လူကြီးက မျက်မှောင်ကြုတ်ကာစိုက်ကြည့်ရင်း တွေနေ ၏။

"ခွင့်ပြုပါ ဦးရယ်၊ ကျွန်မ ဒီတစ်သက် ကျေးဇူးမမေ့ပါဘူး"

အိမ်ရှင်လူကြီးက မိန်းမပျိုလေးဝင်သာစေရန် တံခါးပေါက်တစ် ဖက်သို့ ကိုယ်ကို ရွှေ့ပြီး လမ်းဖယ်ပေးလိုက်၏။ နောက် တံခါးကို ပြန်စေ့



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပြီး အိမ်ထဲပြန်လှည့်ဝင်လာ၏။ သူ့အိမ်၏ တစ်ခုတည်းသာရှိသောအခန်းကို လက်ညှိုးထိုးပြလိုက်ပြီး အဲဒီထဲဝင်၊ အဝတ်လဲ ဟု ပြောလိုက်သည်။ အခန်းဟုဆိုရသည့်တိုင် တံခါး မရှိ၊ နံရံသုံးဘက် ကာရံထားသော အိမ်၏ ထောင့်တစ်နေရာသာဖြစ်၏။ မိန်းမပျိုလေး အဝတ်လဲနေစဉ် အိမ်ရှင်လူကြီးက မီးလင်းဖိုအတွင်းသို့ ထင်းချောင်းများကိုထိုးထည့်ကာ မီးတောက်လာစေရန် ယပ်ခတ်ပေးနေလိုက်သည်။ မိန်းမပျိုလေး အဝတ်အစားလဲပြီး၍ အခန်းထဲမှ ပြန်ထွက်လာချိန်တွင် မီးတောက်သည် ကောင်းစွာ အရှိန်ရလျက်ရှိပေပြီ။

"ကျေးဇူးပါပဲ ဦးလေးရယ်. . . ကျွန်မတစ်ယောက်တည်း တောထဲမှာ မျက်စိလည်နေတာ ကြာပြီ၊ မိုးသာ စုပ်စုပ်ချုပ်ရော၊ လမ်းရှာလို့မတွေ့ဘူး၊ ဒီကြားထဲ မိုးကလည်းရွာချလိုက်တော့. . ."

"ကိစ္စမရှိပါဘူးလေ၊ ကျေးဇူးတင်စရာမလိုပါဘူး၊ မင်းလည်း လူပဲ၊ ငါလည်းလူပဲ၊ ဇာတိတွေ၊ မျိုးရိုးတွေ၊ ကိုးကွယ်တဲ့ဘာသာတွေ မလိုပါဘူး၊ လူတစ်ယောက်မသေဖို့ လူတစ်ယောက်က ကူညီရမှာ လူ့တာဝန်ပဲ"

"ဟုတ်ပါတယ်ဦးလေးရယ်၊ ဒီအိမ်ကိုသာ ကျွန်မ မတွေ့ရရင် ကျွန်မတော့ သေမှာ၊ အခုတော့. . ."

ပြောရင်းနှင့် မိန်းမပျိုလေး၏အသံသည် လှိုက်လှိုက်လှဲလှဲ တုန်ယင်လာ၏။ စောင်းကြိုးတစ်ကြိုးကိုတီးခတ်လိုက်သည့် တုန်ခါခြင်းမျိုးဖြစ်ခြင်းကြောင့် နားထောင်၍ တစ်မျိုးကောင်းနေသလို အောက်မေ့ရသည်။

"ဘာမှ စိတ်အပင်ပန်းခံပြီး တွေးမနေနဲ့တော့ကွယ်၊ ကဲ. . . အနား



www.burmeseclassic.com

www.burmeseclassic.com



ယူတော့၊ ဗိုက်ဆာရင် ဟောဟိုကြောင်အိမ်ထဲမှာ ငှက်ပျောသီးတွေယူစား၊ ကောင်းကောင်းမွန်မွန် ချက်ထားပြုတ်ထားတာတော့ မရှိဘူးပေါ့၊ ငါကတော့ ဒီလိုပဲ၊ ဖြစ်သလိုပဲ"

"ဪ. . . ဦးလေးက တစ်ယောက်တည်းနေတာကိုး"

စကားစ ခေတ္တပြတ်သွားသည်။ အခန်းထဲတွင် တိတ်ဆိတ်မှုနှင့် ထိုတိတ်ဆိတ်မှုကို တဖျစ်ဖျစ်လောင်ကျွမ်းနေသော မီးတောက်မီးလျှံများသာ ရှိတော့သလို မှတ်ရထင်ရ၏။

"ဒါနဲ့ ဦးလေးက ဘာဖြစ်လို့ ဒီတောထဲမှာ တစ်ယောက်တည်းလာနေတာလဲဟင်"

အိမ်ရှင်လူကြီးက တစ်ချက်ပြုံးလိုက်ပြီး . . .

"ဦးလေးက ဓားပြလေကွယ်"

"ရှင်. . ." ဟု လွှတ်ခနဲ ရေရွတ်လိုက်သည့် အသံသည် တိတ်ဆိတ်နေသည့်အခန်းထဲတွင် တစ်စုံတစ်ရာ ကျကွဲသွားသံမျိုးနှင့် တူနေလေသည်။

"ဟုတ်တယ်. . . ဦးလေးရဲ့အလုပ်အကိုင်က ဓားပြ၊ တစ်ခါတစ်ခါ ဟိုးခပ်ဝေးဝေးနယ်စပ်က စားသောက်ဆိုင်တွေ၊ လောင်းကစားသမားတွေ၊ လုပ်ငန်းရှင်တွေဆီ သွားပြီး ဓားပြတိုက်တယ်၊ တစ်ခါတစ်ခါ အဲဒီလို ဝေးဝေးလံလံ မထွက်ဖြစ်တော့လည်း ဒီနေရာကပဲ စောင့်ပြီး ဖြတ်သွားဖြတ်လာ ခရီးသည်တစ်ယောက်စ၊ နှစ်ယောက်စကိုပဲ ဓားပြတိုက်ရတာပေါ့၊ စိတ်မရှိနဲ့နော် ကလေးမ၊ မင်းကိုလည်း မနက်ကျရင် ဦးလေးက ဓားပြတိုက်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကလေး၏ ပြူးကျယ်ဝိုင်းစက်သောမျက်လုံးများ တဆတ်ဆတ်ခုန်နေကြ၏။ နှလုံးအိမ်ထဲမှ သွေးများ စီးဆင်းမလာတော့ဘဲ နှလုံးအိမ်ကြွက်သား တစ်ချက်ညှစ်လိုက်တိုင်း ချွေးများသာ စိမ့်စိမ့်ထွက်နေသလိုခံစားရသည်။

နောက်နေတာလားဟုပင် စိတ်ထဲက ထင်ချင်ချင်ရှိ၏။

"ဦးလေး တကယ်ပြောနေတာ ကလေးမရဲ့၊ အံ့ဩမနေနဲ့၊ ကြောက်စရာရှိရင်လည်း မနက်ကျမှ ကြောက်၊ အခု မကြောက်နဲ့ဦး၊ အခုတော့ စားစရာရှိတာ စား၊ အနားယူစရာရှိတာ ယူ၊ ဪ. . . အခု ကျွေးတာမွေးတာ တည်းခိုခွင့်ပေးတာတွေနဲ့ ဘာမှ မဆိုင်ဘူးနော်။ အခုဟာက လူသားချင်းကူညီရမယ်ဆိုတဲ့အသိနဲ့ ကူညီတာ၊ စားပြတိုက်မှာက ဦးလေးရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်မှာ။ အဲဒီတော့ မနက်ကျရင် ကလေးမ အခုဝတ်ထားတဲ့ လက်စွပ်ရယ်၊ ဆွဲကြိုးရယ်၊ နားကပ်ရယ်ကိုချွတ်ပြီး ထားခဲ့ပေတော့။ ကဲ. . . လောလောဆယ်တော့ အေးအေးဆေးဆေး အနားယူ အိပ်လိုက်ဦး. . ."

ထိုစဉ် စေ့ရုံစေ့ထားခဲ့သော အိမ်အဝင်တံခါးသည် ဝုန်းခနဲပွင့်ထွက်သွားပြီး . . .

"ဒီလိုလုပ်လို့ဘယ်ရမလဲဗျ၊ ဒါ ဒုက္ခရောက်နေတဲ့မိန်းကလေး၊ ဒီမိန်းကလေးကိုမှ ထပ်ပြီး ဒုက္ခပေးရက်တဲ့ ခင်ဗျားရဲ့စိတ်ဓာတ်ဟာ ဘယ်လိုစိတ်ဓာတ်မျိုးလဲဗျာ၊ အောက်တန်းကျလှချည်လား. . ."

တံခါးဝတွင် အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ယောက် မားမားရပ်လျက်သားရှိသည်။ အိမ်ရှင်လူကြီးက ဝင်လာသူကို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ငဲ့သည်ဆိုရုံ ငဲ့ကြည့်လိုက်ပြီး . . .

"ဘယ်လိုလဲကွ၊ ငါ့အိမ်မှာတည်းဖို့ ဝင်လာတဲ့လူကလည်း အိမ်ရှင်အပေါ်မှာ တယ်ပြီး မာရေကျောရေ နိုင်လှချည်လား"

လူရွယ်က မိုးရေများရွှဲရွှဲစိုနေသော အင်္ကျီရှည်ကြီးကို ချွတ်လိုက်ရင်း မီးဖိုဘေးတွင် ဝင်ထိုင်လိုက်ကာ . . .

"ဟုတ်တယ်. . . အစကတော့ တောကြီးမျက်မည်းထဲ တွေ့တောင့်တွေ့ခဲ မီးရောင်မြင်တာနဲ့ အိမ်ရှင်ကို ကောင်းကောင်းမွန်မွန် ခွင့်တောင်းပြီး တည်းမလို့ပါပဲ. . .။ ဒါပေမဲ့ အခုတော့ ဒီလို ခွင့်မတောင်းနိုင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် ဒီမိန်းကလေးကိုကာကွယ်ဖို့ ကျုပ် ဒီမှာတည်းမှကို ဖြစ်တော့မယ်"

အိမ်ရှင်လူကြီးက တဟားဟားရယ်ရင်း . . .

"ဟေ. . . ကောင်းကွာ၊ အေးလေ. . . ဘာပဲဖြစ်ဖြစ် ငါ့အတွက်တော့ ဓားပြတိုက်ရမယ့်လူ နောက်တစ်ယောက်တိုးတာပေါ့"

လူရွယ်က အံကို တင်းတင်းကြိတ်ထားသည့်ကြားမှ ထွက်လာသည့်သွားစေ့သံ အေးစက်စက်ဖြင့် . . .

"ဒီမယ်. . . ခင်ဗျားကို အခုကတည်းက ကျုပ် သတိပေးလိုက်မယ်၊ ဒီမိန်းကလေးကို တစ်ခုခု ဒုက္ခပေးဖို့ ခင်ဗျား ကြိုးစားတာနဲ့ တစ်ပြိုင်နက် ခင်ဗျားကို ကျုပ် သတ်ရလိမ့်မယ်. . . ဒါပဲ"

မိန်းမပျိုလေးက လူရွယ်ကို အားကိုးတကြီးဖြင့်လှမ်းကြည့်၏။ သူမ၏နှုတ်ခမ်းများက တုန်တုန်ယင်ယင်။ အိမ်ရှင်လူကြီးက တစ်ချက်ပြုံးသည်။ နောက်. . . အခန်းထဲဝင်သွားကာ စောင်နှစ်ထည်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ယူလာပြီး တစ်ထည်ကို လူရွှယ်ဆီ ပစ်ပေးလိုက်သည်။ နောက်. . .

"ထားပါတော့ကွာ၊ အခုလောလောဆယ်တော့ ညဥ့်နက်လှပြီ၊ ငါလည်း အိပ်ချင်နေပြီကွ၊ တို့ကတော့ ယောကျ်ားတွေပဲ၊ ခေါင်းအုံးအပိုတော့မရှိဘူး။ စောင်ခြုံပြီး ဟောဒီ မီးလင်းဖိုနားမှာပဲ အိပ်ကြတာပေါ့။ ကိုင်း. . . ကလေးမ မင်းက အခန်းထဲဝင်အိပ်၊ အထဲမှာ ခေါင်းအုံးရော. . . စောင်ရော ရှိတယ်"

ပြောပြောဆိုဆိုနှင့်ပင် မှန်အိမ်မီးစာကို မှုတ်ပစ်လိုက်၏။ နောက် မီးဖိုဘေးတွင် စောင်ခြုံကာ ပစ်လှဲချလိုက်သည်။ အားလုံး မှင်တက်မိသလို ကြောင်နေကြသည်။

ထင်းတုံးကို မီးစွဲလောင်နေသည့် တဖျစ်ဖျစ် မြည်သံမှတစ်ပါး တစ်ခန်းလုံး တိတ်ဆိတ်နေ၏။

အချိန်ကြာလာသည်နှင့်အမျှ မီးတောက်၏အလင်းက လျော့ပါးလာသည်။

လူကြီး၏ တခေါခေါဟောက်သံကလည်း မှန်မှန်ထွက်ပေါ်နေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

အရှက်ဦး၏အမြစ်များ ကမ္ဘာမြေပေါ် တိုးဝင်ကုပ်တွယ်စပြုပြီ။ အလင်းတွေ အပင်ပေါက်တော့မည်။

●



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

မိန်းမပျိုကလေး၏အော်သံသည် သစ်လုံးအိမ်ကလေး၏နံရံများကို ကြက်သီးဖြန်းဖြန်းထသွားစေသည်။ အိမ်ရှင်လူကြီးသည် အိပ်မောကျနေရာမှ ဗြုန်းခနဲခုန်ထကာ အခန်းထဲသို့ ပြေးဝင်လိုက်၏။ အခန်းထဲတွင်. . . အဝတ်အစားတွေ အနာဖေးအဟောင်းလို မသပ်မရပ်တွန့်ကြေ စုတ်လန်နေသည့် ကောင်မလေးနှင့် လူရွယ်. . .။

ရမ္မက်များကို ကိုက်ချီထားရာက လွှတ်ချရတော့မလိုဖြစ်နေသည့် လူရွယ်၏ဟန်သည် ကျီးကန်းတစ်ကောင်ဆန်နေလေသည်။

အိမ်ရှင်လူကြီးက တစ်ချက်ပြုံးလိုက်ပြီး . . .

"မင်းဟာက ရုပ်ရှင်ထဲကနဲ့လည်း မတူပါလားကွ၊ မင်းသမီးကိုလူဆိုးလက်ထဲက အကာအကွယ်ပေးမယ့်ဇာတ်လိုက်ကိုယ်တိုင်က အခုတော့ ကောင်မလေးအခန်းထဲခိုးဝင်ပြီး မဟုတ်တရုတ်လုပ်ဖို့ကြံတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့. . . အင်း. . . ရယ်စရာတော့ကောင်းနေပြီ"

"ဒါ. . . ခင်ဗျားနဲ့မဆိုင်ပါဘူး"

အိမ်ရှင်လူကြီး၏ မျက်နှာအမူအရာက ချက်ချင်း တင်းမာသွားပြီး . . .

'အေး. . . အဲဒါဆိုလည်း ဆိုင်တဲ့အလုပ်ကိုပဲ လုပ်ကြတာပေါ့'

ပြောပြောဆိုဆိုဖြင့် လူရွယ်၏အင်္ကျီကော်လာစကို ဆောင့်ဆွဲလိုက်၏။ လူရွယ်က လက်ဖျံဖြင့်ရိုက်ဖယ်ကာ ရုန်းထွက်ပြီး ပြတင်းပေါက်မှ ခုန်ချလိုက်သည်။

အိမ်ရှင်လူကြီးက နံရံတွင်ချိတ်ထားသော ပုဆိန်တစ်လက်ကို ဆွဲယူကာ ခုန်ထွက်လိုက်သွား၏။ မြေပေါ်ရောက်ရောက်ချင်း တအားလွှဲခုတ်သည်။ လူရွယ်ကလှိမ့်ထွက်ပြီး ရှောင်သည်။ နောက်တစ်ချက်လွှဲအခုတ်။ အရုဏ်၏အလင်းရောင်မှိန်မှိန်ကြောင့် အရိပ်တွေ ပြက်ပြက်ထင်ထင်မရှိလှ။ ကောင်းကင်သည် အပြာနုရောင်ခပ်မှိုင်းမှိုင်းဖြစ်နေဆဲရှိသေးသည်။ နံနက်ခင်း ငှက်တို့ အစာရှာထွက်ကြပြီ။ ကျွန်းပင်ထိပ်ဖျားရှိ အရွက်ဖားဖားကြီးများထဲတွင် သီချင်းတစ်ပုဒ်ရှိနေသည်။ ငှက်တစ်ကောင် (သို့မဟုတ်) ပန်းပွင့်တစ်ပွင့်ဖြစ်မည်ဟု အောက်မေ့ရ၏။ ပုဆိန်ချက် မြေကြီးပေါ်ကျကျချင်း လူရွယ်က သစ်ကိုင်းခြောက်တစ်ခုဖြင့် လှမ်းရိုက်သည်။ ပုဆိန်ကိုင်လက်ကိုထိ၏။ ပုဆိန်လွတ်အသွား ဖျတ်ခနဲ လူချင်းဝင်ပူးသည်။ မြေပေါ်တွင် နှစ်ယောက်သား လုံးထွေးနေကြ၏။ ပခုံးချင်းဖိလှဲ၏။ ခြေထောက်ချင်းရိုက်၏။ လက်ချင်းယှက်ချုပ်ကာ ရုန်း၏။ အတန်ကြာသည်အထိ ပွဲကမပြီးသေး။ နှစ်ယောက်စလုံး ဖျော့ဖီးဖီး



www.burmeseclassic.com

www.burmeseclassic.com



ကျကာ မောဟိုက်နေကြသည်။ ထိုအချိန်တွင် အိမ်ရှင်လူကြီးက ဆောင့်တိုက်လိုက်သောဒူးကို လူရွယ်က လက်မောင်းကွေးဖြင့် ဆွဲပွေ့ဖမ်းသားလိုက်သည်။ ပြီး. . . တစ်ပြိုင်နက် အင်္ကျီအောက်တွင်ဝှက်ထားသောဓားမြှောင်ကို ဖျတ်ခနဲဆွဲထုတ်ကာ ထိုးချလိုက်၏။ အိမ်ရှင်လူကြီးက လွတ်နေသောခြေထောက်ဖြင့် ခုန်ကာ ဆောင့်နင်းလိုက်သောကြောင့် လူရွယ် ခွေကျသွားသည်။ ဓားမြှောင်ကိုင်ထားသောလက်ကို ဆွဲလိမ်ခံလိုက်ရသောကြောင့်လည်း ဓားမြှောင်လွတ်ကျသွား၏။ အိမ်ရှင်လူကြီးက မြေကြီးပေါ်မှဓားမြှောင်ကို ကောက်ယူလိုက်သည်။ လူရွယ်က သူ့ကို ထိုးချလိုက်တော့မည်အထင်နဲ့ မျက်နှာကိုရှုံ့မဲ့ကာ မျက်စိကို အတင်းစုံမှိတ်ထား၏။ လူကြီးက ဓားမြှောင်အရိုးကို အသေအချာစိုက်ကြည့်နေပြီး. . .

"ဟေ့ကောင်. . . မင်း ဒီဓားမြှောင်ကို ဘယ်ကရလာတာလဲ"

လူရွယ်က မျက်စိကိုအံ့ဩတကြီးဖွင့်ကြည့်လိုက်သည်။ အတန်ကြာအောင် ကြောင်နေပြီးမှ . . .

"ကျွန်တော့်အဖေ အမွေပေးခဲ့တာပါ"

လူကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း . . .

"ဟင်း. . . ဒီတစ်ခါတော့ ရုပ်ရှင်ဆန်နေပြန်ပြီဟေ့။ ဒါ ငါ့ဓားမြှောင်ကွ၊ ဟောဒီစကားလုံးဟာ ငါကိုယ်တိုင်ထွင်းထားတာ၊ ငါ ထောင်ကျသွားတော့ ဒီဓားဟာ ငါ့မိန်းမဆီမှာကျန်ခဲ့တယ်၊ အဲဒီတုန်းက ငါ့မိန်းမက ကိုယ်ဝန် ရှစ်လနဲ့၊ အင်း. . . အဲဒီနောက်တော့ ငါတို့တစ်ခါမှ ပြန် မဆုံနိုင်တော့ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က တစ်ချက်မဲ့လိုက်ပြီး . . .

"ဘာဆိုင်လဲဗျာ၊ ဒါ ကျုပ်အဖေကပေးတာပါဆို၊ ကျုပ်မှာ အဖေ ရှိပြီးသား၊ ခင်ဗျားက နေရင်းထိုင်ရင်း ကျုပ်အဖေ ဝင် မလုပ်ချင်စမ်းပါနဲ့"

"ကျုပ်အမေက ကျုပ်အသက် နှစ်နှစ် သုံးနှစ်လောက်ကတည်းက ဆုံးသွားပြီ"

လူကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။ လူရွယ်က တစ်ချက် တွေတွေငေးငေးဖြစ်သွားပြီး . . .

"အင်း. . . အမေ့မားမြှောင်ကို အမေသေသွားတော့ အဖေက ယူထားလိုက်တာလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပေါ့"

လူကြီးက ခေါင်းကို လေးတွဲ့စွာ တစ်ချက်ချင်း ဘယ်ညာယမ်း လိုက်ပြီး . . .

"ခက်ပါတယ်ကွာ၊ အဲဒီလိုဆိုလည်း မင်းဟာ ငါ့သားဖြစ်ပါတယ်လို့ ဘယ့်နှယ်လုပ်ပြီး အသေအချာပြောလို့ရပါတော့မလဲ၊ ထားတော့ကွာ၊ နောက်ဆုံး မင်းဟာ ငါ့မိန်းမကမွေးတာမဟုတ်ဘဲ ငါ့မိန်းမယူတဲ့ နောက် ယောကျ်ားဘက်ကပါလာတဲ့ ကလေးလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ"

"ဟင်း. . . ကုန်ကုန်ပြောရင် ကျုပ်အဖေက ဒီမားမြှောင်ကို တစ်နေရာရာက ကောက်ရခဲ့တာတောင်ဖြစ်နေနိုင်သေးတယ်"

လူကြီးက . . .

"ဟာ. . . . ဒါလောက်ကြီးတော့ ဟုတ်မယ်မထင်ပါဘူး၊ ငါ့မိန်းမ အကြောင်းငါသိတယ်၊ နမော်နမဲ့အစားထဲကမဟုတ်ဘူးကွာ၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုသိပ်ချစ်တာ၊ ဒီဓားမြှောင်ကို သူ အသေအချာသိမ်းထားမှာသေချာတယ်၊ အင်း. . . မင်းဟာ ငါ့သား ဖြစ်ချင်ဖြစ်နေမှာပါလေ"

လူရွယ်က မျက်နှာကို သိသိသာသာကြီး ရှုံ့မဲ့ပစ်လိုက်၏။ ထိုအမူအရာကိုမြင်သွားသော အိမ်ရှင်လူကြီးက ဆက်၍ . . .

"ဒါပေမဲ့ကွာ ခေါင်မိုးတစ်ခုတည်းအောက်မှာ အတူတူတည်းခိုနေတဲ့ မိန်းကလေးတစ်ယောက်ကို စောင့်ရှောက်မယ်လေး ဘာလေးနဲ့ အသံကောင်းဟစ်ပြီးမှ ဗလက္ကာရလုပ်ဖို့ကြံတတ်တဲ့ အကောင်တစ်ကောင်ကို သားတော်ရမှာတော့ ခပ်ရှက်ရှက်ပဲ"

လူရွယ်က ချက်ချင်းပင်ပြန်၍ . . .

"ကျုပ်ကတော့ ခင်ဗျားကို အဖေ သိပ်တော်ချင်နေမယ်မျှား မှတ်နေလို့လား. . . ထွီ. . . ဓားပြကမျှား. . ."

"ဟား. . . ဟေ့ကောင်. . . ငါတယ်. . . သေတော့မှာပဲ"

အိမ်ရှင်လူကြီးက ဓားဖြင့်ထိုးရန် ဆတ်ခနဲရွယ်လိုက်ပြီးမှ မတော်တဆ ငါ့သားများဖြစ်နေခဲ့ရင်ဟူသော အတွေးကဝင်လာသဖြင့် စိတ်ကို အတင်းချုပ်တည်းထားလိုက်ရ၏။ မီးအပူပြင်းပြင်း အပေးခံထားရသော ဒယ်အိုး အလွတ်တစ်လုံးလို သူ့အာရုံတွေ တဖျစ်ဖျစ်မြည်နေသည်။ ဝုန်းခနဲကွဲထွက်သွားတော့မည်လားဟုပင် အောက်မေ့မိ၏။ ငါ့သားဟုတ်ချင်မှဟုတ်မှာပါဟုတွေးရင်း ဓားရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည့် လက်ဖဝါးထဲတွင် ချွေးစေးများ စိမ့်ယိုလာသည်။ အင်း. . . ငါ့သားမဟုတ်တာက ဘာမှကိစ္စမရှိဘူး။ ခြေလွန်လက်လွန်တွေဖြစ်ကုန်ပြီးမှ ကိုယ့်သားအစစ် တကယ်ဖြစ်နေရင် ဟူး. . . ဘာမှ လုပ်တာက



www.burmeseclassic.com

www.burmeseclassic.com



သောကကင်းပါတယ်လေ ဟု တွေးသည်။ တွေးရင်းနှင့် စိတ်ရှုပ်လာသောကြောင့် ခွေးသား. . . အယုတ်တမာကောင်၊ အပုပ်အသိုးကောင် ဟု စိတ်ထဲကျိတ်၍ဆဲလိုက်၏။ တစ်ကိုယ်လုံးကို ဖွဲ့စည်းဆက်နွှယ်ထားသည့် ဝက်အူများ အရစ်ပြုန်းပြတ်ထွက်မတတ် အကျပ်အတည်းခံထားရသလို ဝေဒနာတစ်မျိုးဖြင့် အိမ်တံခါးဝဘက်ဆီသို့ လေးတွဲ့စွာ ပြန်လျှောက်လာခဲ့သည်။

လူရွယ်က မြေပေါ်တွင်တွေ့ရသော ဝါးဆစ်ပိုင်း ခပ်ချွန်ချွန်တစ်ခုကို ဖျတ်ခနဲ ဘောင်းဘီအိတ်ထဲကောက်ထိုးထည့်လိုက်၏။ ထို့နောက် အိမ်ရှင်လူကြီး၏နောက်မှ ခြေလှမ်းမှန်မှန်ဖြင့်လိုက်လာသည်။ အကာအကွယ်မဲ့နေသော လူကြီး၏ကျောပြင်ကို ဝါးချွန်ဖြင့် အားရှိပါးရှိထိုးစိုက်ပစ်လိုက်ချင်စိတ်ဖြင့် သူ့လက်ကောက်ဝတ်သွေးကြောသည် တဒိန်းဒိန်းခုန်နေလေသည်။ သိပ်စိတ်ချရတာမဟုတ်ဘူး။ အခုနေ ငါက လက်ဦးအောင် အရင်ချလိုက်ရရင်တော့ဟုတွေးရင်းက အင်း. . . ငါ့အဖေဖြစ်ချင်ဖြစ်နေမှာဟူသော အသိက ဖျတ်ခနဲခုန်ဝင်လိုက်သဖြင့် အတွေးလက်စသည် လေထဲတွင် တန်းလန်းကြီးဖြစ်နေ၏။ ဟုတ်မယ်မထင်ပါဘူးလေ၊ တကယ် ဟုတ်ရိုးမှန်ရင် သွေးက စကားပြောမှာပဲ။ အလိုလိုခံစားသိနဲ့သိမှာပဲ။ အခုတော့ ငါ့စိတ်ထဲမှာ ဒီငတိကြီးကို အဖေတစ်ယောက်အဖြစ်နဲ့ စိတ်ထဲထည့်ကြည့်လို့ ဘယ်လိုမှရကိုမရဘူး၊ ဟင်း. . . တောက်. . .။ ခါးရိုးပေါ်လက်တင်ထားရသော ခံစားမှုမျိုးကို ခံစားရပြန်လေသည်။ သွေးတွေပွက်ပွက်ထ ဆူလာပြန်၏။ လက်မကို လက်သီးဆုပ်ထဲထိုးသွင်းပြီး ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်ရသည်။ မတော်



www.burmeseclassic.com

www.burmeseclassic.com



တဆ ဖြစ်များဖြစ်နေခဲ့ရင်. . .။ သူ့ခေါင်းကို ခါယမ်းလိုက်၏။ အဖေကို သတ်မိတဲ့အပြစ်. . . မတွေးရဲစရာ။ ထိုအချိန်တွင်. . .

အိမ်ရှင်လူကြီး၏နှုတ်မှ 'ဟာ' ဟူသော အာမေဋိတ်သံ ခပ်တိုးတိုး ထွက်လာ၏။ လှမ်းကြည့်လိုက်သောအခါ အိမ်တံခါးမကြီးက ပွင့်လျက်သား. . .။

ကလေးမရေ. . . ကလေးမရေ. . . ဟု တတွတ်တွတ်ခေါ်ရင်း လူကြီးက အိမ်ပေါ်သို့ပြေးတက်သွားသည်။ လူရွယ်ကလည်း နောက်မှ ပြေးလိုက်သွား၏။

အိမ်ပေါ်တွင် သက်ရှိတစ်ကောင်တလေမှ ရှိမနေ။

ကမ္ဘာမြေကိုဖန်ဆင်းသည့် ပထမဦးဆုံး ည၏ တိတ်ဆိတ်ခြင်းမျိုးဖြင့် တိတ်ဆိတ်နေလေသည်။

မင်းကို ကြောက်လို့ထွက်ပြေးတာထင်တယ်ကွ ဟု လူကြီးက ခပ်တိုးတိုး ညည်းသလိုပြောရင်း လူရွယ်ကို စွပ်စွဲလိုက်သည်။ သို့သော် သူ့စွပ်စွဲချက်ကို သူကိုယ်တိုင်ပင် မယုံကြည်သည့်လေသံ ပါနေ၏။ လူရွယ်ကလည်း ခင်ဗျားကြီး ခါးပြတိုက်မှာစိုးလို့ ပြေးတာနေမှာ. . . ဟု ချက်ချင်းစကားတုံ့ပြန်သည်။ ပြောသာပြောလိုက်ရသည့်တိုင် သည့်ထက်မက တစ်စုံတစ်ရာ မှားယွင်းနေပြီဟူသည့် ခံစားမှုဖြင့် စိတ်တွေ လေးထောင့်ဆန်နေ၏။

လူကြီးက မီးလင်းဖိုဆီသို့ပြေးသွားပြီး အောက်ခြေတွင် ဖုံးထားသည့် အံဗှက်တံခါးကို ဆွဲလှန်လိုက်သည်။

အထဲတွင် ဗလာဟင်းလင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ပါသွားပြီ ငါ့ပစ္စည်းတွေ အကုန်ပါသွားပြီ တောက်. . . သူခိုးမ၊ အယုတ်တမာမ"

အိမ်ရှင်လူကြီးက အယုတ္တ အနတ္တအမျိုးစုံအောင် ဆဲဆိုရင်း အော်ဟစ်ကြိမ်းမောင်းနေသည်။ အနီးသို့ရောက်လာသော လူရွယ်က မီးဖိုနောက်နားကြမ်းပြင်တွင် ကျနေသော တစ်စုံတစ်ရာကိုတွေ့သဖြင့် ကောက်ယူလိုက်၏။

မိန်းမတစ်ယောက်ပုံပါသော အဖြူအမည်းဓာတ်ပုံဟောင်းတစ်ချပ်ဖြစ်သည်။

"ဒါ. . . ဘာလဲဗျ"

လူရွယ်၏နှုတ်မှ မေးသလိုလို၊ ရေရွတ်သလိုလိုအသံထွက်သွား၏။ ဖျတ်ခနဲဆိုသလို ဓာတ်ပုံသည် လူကြီး၏လက်တွင်းသို့ပါသွားပြီး . . .

"ဟာ. . . ဒါ ငါ့မိန်းမငယ်ငယ်ကဓာတ်ပုံ၊ ဟော့ကောင်. . . ဒါ မင်းဥစ္စာလား. . ."

လူရွယ်က ခပ်ဆတ်ဆတ်ပြန်ကြည့်လိုက်ရင်း. . . 'မဟုတ်ဘူးဗျ' ဟု တုံးတိတိ အေးစက်စက်ဖြေသည်။ လူကြီးကငိုင်နေ၏။ လူရွယ်က နှုတ်ခမ်းကိုကိုက်ထားရာမှ ခပ်ဆိုင်းဆိုင်းပြောလိုက်သည်။

"ဟိုကောင်မလေးဥစ္စာ ဖြစ်မှာပေါ့"

လူကြီး ခေါင်းကို ဆတ်ခနဲမော့ပြီး အော်ဟစ်မိတော့မတတ်အသံဖြင့် . . .

"ဒါဆို. . . အဲဒါ. . . အဲဒါ. . . ငါ့သမီးဖြစ်မှာပေါ့"

လူရွယ်က နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း. . . အပြတ်ပြောလို့ ဘယ်ရမလဲဗျ၊ ဒီခတ်ပုံကို အကြောင်းအမျိုးမျိုးကြောင့် ရလာနိုင်တာပဲ၊ ကျုပ်က ခင်ဗျားသားဖြစ်နိုင်တယ်ဆိုတာလည်း ထည့်တွက်ဦးမှပေါ့"

လူကြီးက ခေတ္တပြန်ငိုင်သွားပြန်သည်။ နှုတ်မှလည်း ခပ်တိုးတိုးဆဲရေးလိုက်၏။ ထိုအချိန်တွင် လူငယ်က အခန်းတစ်ခုလုံးကို မျက်စိကစားလိုက်သည်။ သံငုတ်တစ်ခုတွင် တွဲလောင်းချိတ်ထားသော ငွေကြိုးတပ်အိတ်ဆောင် နာရီတစ်လုံးကိုတွေ့ရ၏။ လူကြီးက သူ့ကို သတိမပြုနိုင်အားလောက်အောင် ငိုင်နေသေးကြောင်း သေချာသွားသောအခါ လူရွယ်သည် ထိုနာရီကို ခြေမြန်လက်မြန်ဖြုတ်ယူပြီး သူ့ဘောင်းဘီအိတ်ကျန်တစ်ဖက်ထဲသို့ ကမန်းကတန်းထိုးသွင်းထားလိုက်သည်။

လူကြီးက သတိမပြုမိသေး။ တတွတ်တွတ် မြည်တွန်ဆဲရေးနေတုန်းပင်ရှိသေးသည်။ နောက်တစ်ခါပြန်၍ တွေတွေဝေဝေဖြစ်သွား ပြီး . . .

"မဟုတ်သေးဘူးကွ၊ ငါ့သမီးမဟုတ်ရင် ဘာဖြစ်လို့ ဒီခတ်ပုံက သူနဲ့ ပါလာရမှာလဲ၊ အဆက်အစပ်မရှိတဲ့ လူတစ်ယောက်ရဲ့ ခတ်ပုံဟာ သူ့ဆီ ဘယ်နည်းနဲ့မှရောက်မနေနိုင်ဘူး။ ဟုတ်ပါပြီ. . . ငါ့သမီးပဲဖြစ်မှာပါ"

"ခင်ဗျားကလည်းဗျာ. . . ဒီကောင်မလေးက သူခိုးမပဲဗျ၊ ခင်ဗျားမိန်းမ အိမ်ကိုတက်ခိုးရင်း ရရာဆွဲလာတဲ့ ပစ္စည်းတွေထဲမှာ ပါလာတာရော မဖြစ်နိုင်ဘူးလား"

လူကြီး အတော်စိတ်ရှုပ်သွားသည်။ ကြမ်းပြင်ကို ခြေဖြင့် ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်နင်းလိုက်သည်။

ဒေါသဖြင့် ဝုန်းဒိုင်းကြဲနေစဉ် အသာလစ်ထွက်သွားရန် အကြံဖြင့် လူရွယ်က တံခါးပေါက်နားသို့ တရွေ့ရွေ့ကပ်သွားနေ၏။

အိမ်ရှင်လူကြီးက ချက်ချင်းသတိပြုလိုက်မိ၏။ အင်း. . . ဒီကောင်လည်း ငါ့သား ဟုတ်ချင်မှဟုတ်မှာ၊ ဟုတ်ရင်လည်း ဟုတ်နေမှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ငါ့ဘက်က အရှုံး မရှိအောင်တော့ လုပ်ထားမှဖြစ်မယ် ဟု စိတ်ကူးပေါ်လာသောကြောင့် . . .

'သား. . .' ဟု လှမ်းခေါ်လိုက်၏။ လူရွယ်က ကြောင်စီစီဖြင့် တစ်ချက်လှည့်ကြည့်သည်။ ဒီတော်ကြီး ငါ့ကို ဘာများပတ်ဦးမလဲမသိဘူး ဟု တွေးမိသောကြောင့် အနားသို့ ကပ်မသွားဘဲ နေရာတွင်ပင် ရပ်မြဲတိုင်းရပ်နေ၏။ လူကြီးက . . .

"သား. . . အဖေ့ပစ္စည်းတွေလည်းကုန်ပြီကွာ၊ ဒီရက်ပိုင်းအတွင်း စားဖို့သောက်ဖို့တောင် ခက်ပြီသားရေ၊ ဒီလိုလုပ်ကွာ. . . မင်း လက်ပတ်နာရီနဲ့ ကုတ်အင်္ကျီကလေး အဖေ့ကို ပေးခဲ့. . . ဟုတ်လား၊ အဆင်မသင့်ရင် အဖေ့မှာ အဲဒါလေးပဲရောင်းပြီး ထမင်းစားရမှာ။ ပေးခဲ့ကွာ နော်"

လူရွယ်က ဆတ်ခနဲတွန့်သွားပြီး . . .

"ဟာဗျာ. . ."

"ဟေ့ကောင်. . . မင်း. . . ပေးမလား၊ မပေးဘူးလား"

စောစောက လေသံနှင့် မတူတော့။ လူကြီး၏မျက်နှာသည် ငါးသေတ္တာဘူးတစ်ဘူးလို ပုံပန်းမကျစွာ တင်းမာနေ၏။ လက်ထဲမှ ဓားကို



www.burmeseclassic.com

www.burmeseclassic.com



(၄)

အဲဒီပတ်ဝန်းကျင်မှာ ကျွန်တော် မရှိတော့သည့်အတွက် ဘာတွေ ဆက်ဖြစ်မည်ကို မခန့်မှန်းတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



(၄)

အဲဒီပတ်ဝန်းကျင်မှာ ကျွန်တော် မရှိတော့သည့်အတွက် ဘာတွေ ဆက်ဖြစ်မည်ကို မခန့်မှန်းတတ်တော့။

■



www.burmeseclassic.com

www.burmeseclassic.com



# စေတန်ရဲ့ တံဆိပ်

ကျော်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

မကောင်းဆိုးရွားများ၏ပွဲတော်သို့ ရောက်ရှိ သွားခဲ့သူမှာ ကျွန်တော်ဖြစ်လေသည်။ 'ဖိတ်စာနှင့်တကွ ကြွရောက်ပါရန်' ဟူသော တလေးတစားဖိတ်ကြားချက်ကြောင့် သွားရောက်ခဲ့ရသည့် ထိုပွဲတော်တွင် လူသားဟူ၍ ကျွန်တော်တစ်ဦးတည်းသာရှိ၏။

မကောင်းဆိုးရွားတွေ အားလုံးပျော်ရွှင်နေကြသည်။ ကစားကွင်းများ၊ စင်မြင့်ဂီတဖျော်ဖြေမှုများ၊ ရုပ်ရှင်ကားများ၊ အခမဲ့ စီးနင်းရသော ချားရဟတ်နှင့် ရိုလာကိုစတာများ အားလုံးတွင် မီးတွေ ထိန်ထိန်လင်းနေကြ၏။ နက်မှောင်လျှို့ဝှက်သည်ဟု ကျွန်တော်ထင်ထားခဲ့မိသော မကောင်းဆိုးရွားတို့၏ မျက်ဝန်းများသည် တောက်ပကြည်လင်နေကြသည်။

မကောင်းဆိုးရွားမလေး တစ်ယောက်က ကျွန်တော့်ဆီသို့ ကပ်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



'ပျော်ရဲ့လား'

ဟုမေးသည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ သမားရိုးကျ အတိုင်း အပြန်အလှန် မိတ်ဆက်ကြပြီးနောက် ကျွန်တော်တို့နှစ်ယောက် တွဲကာ ကခုန်ကြသည်။ မောပန်းသောအခါ အအေးဆိုင်တစ်ဆိုင်တွင် ထိုင်ကာ ခဏနားရင်း စကားစမြည်ပြောကြသည်။

သူမက. . .

"ကျွန်မတို့ရဲ့မကောင်းဆိုးရွားပွဲတော်ကိုလူသားအဖြစ်နဲ့ လာ ရောက်လည်ပတ်တာ ယောဒီရာစုနှစ်အတွင်းမှာ ရှင် တစ်ယောက် တည်းကိုပဲ တွေ့ဖူးတယ်"

"ဒီလိုဆို ကိုယ်အများကြီး ကံကောင်းတာပေါ့"

"ကံကောင်းတာလား ကံဆိုးတာလား မပြောတတ်ဘူးလေ၊ ကျွန်မ တို့လောကမှာ ကောင်းတယ်ဆိုးတယ်ဆိုတာ ခွဲခြားပြဋ္ဌာန်းထားပြီးသား မရှိဘူး။ အကောင်းအဆိုးဆိုတာ လူတွေက လုပ်တာ၊ ပြီးတော့ ရှင်တို့ ကပဲ ဆုံးဖြတ်တာ"

"အင်း. . . ဟုတ်ချင်ဟုတ်မှာပေါ့"

သူမ ပြောသောစကားလုံးများကို ကျွန်တော် နားမလည်ပါ။ သူမက. . .

"ရှင်တို့လူသားတွေက ကျွန်မတို့မျိုးနွယ်တွေကို မကောင်းဆိုးဝါး လို့ နာမည်ပေးတယ်။ ကြောက်ကြတယ်။ တန်ခိုးကြွဒ္ဒိပါဒ်တွေရဲ့ အကူ အညီကို ယူပြီး ကျွန်မတို့ကို မောင်းထုတ်ပစ်ကြတယ်။ ကျွန်မမသိလို့ တစ်ခု မေးစမ်းပါရစေ. . . 'မကောင်းဆိုးရွား' ဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခဏမျှကြာအောင်စဉ်းစားလိုက်သည်။ထို့နောက် ခပ်ရိုးရိုးပင် အဖြေပေးလိုက်၏။

"မသိဘူးလေ"

သူမက သိပ်ကျေနပ်ပုံမရပါ။ ထို့ကြောင့် ထပ်မေးသည်။

"အခု ရှင်ကကော ဘယ်လိုသဘောထားသလဲ"

"ဘယ်လိုမှ သဘောမထားဘူး"

ကျွန်တော်က စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။ တကယ်ပင် ဘယ်လိုမှ သဘောမထားပါ။ ကျွန်တော်သိရသည်က ထိုကောင်မလေးသည် ယခုကျင်းပနေသော ပွဲတော်တစ်ခုလုံးအတွက် အခမ်းအနား အပြင်အဆင် ဒီဇိုင်းအားလုံးကို ဖန်တီးသော မကောင်းဆိုးရွား ပန်းချီဆရာမလေးဖြစ်၏။

သူမက ပွဲတော်တစ်ခုလုံးဆီသို့ လက်ဝှေ့ယမ်းပြပြီး. . .

"အခု ဒီပွဲတော်မှာ ကျွန်မ ဖန်တီးထားတဲ့ အခမ်းအနား ဒီဇိုင်းကကော ဘယ့်နှယ်နေသလဲ။ ရှင့်လို လူသားတစ်ယောက်ရဲ့ မျက်စိထဲမှာ သိပ်အကြည့်ရဆိုးနေသလား"

ကျွန်တော် အရပ်ရှစ်မျက်နှာစလုံးကို မျက်စိအကြည့် ဝေ့လိုက်သည်။ ခေါင်းထဲတွင် စိတ်ကူးတစ်ခု ဖျတ်ခနဲပေါ်လာ၏။ ထို့ကြောင့်. . .

"ပြင်ဆင်ထားတဲ့ ဒီဇိုင်းက ကောင်းပါတယ်၊ မဆိုးပါဘူး။ အင်းဒါပေမဲ့ တစ်ခု. . . ဟုတ်တယ်. . . တစ်ခု. . . လိုနေတယ်"

"ဘာ တစ်ခုလဲ၊ ဘာလိုနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူမ၏ မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး. . .

"တံဆိပ်. . . တံဆိပ်လိုနေတယ်၊ မကောင်းဆိုးဝါးတွေရဲ့ အထိမ်းအမှတ်တံဆိပ်က ဘာလဲ"

သူမပါးစပ် အဟောင်းသား ပွင့်သွားသည်။ ဗလာဟင်းလင်းဖြစ်နေသော မျက်ဝန်းများဖြင့် ငေးကြောင်ကြည့်နေသည်မှာမိနစ်တော်တော်များများ ကြာမြင့်သွား၏။ ပြီးတော့မှ. . .

"ဟင့်အင်း၊ ကျွန်မတို့ မကောင်းဆိုးရွားတွေမှာ အထိမ်းအမှတ်တံဆိပ်မရှိဘူး"

●



www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စသည်ချက်ချင်းဆိုသလိုအလေးအနက်ထားပြီး စဉ်းစားစရာကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ ထို့ကြောင့် သူမက ကျွန်တော့်ကို ပျော်ပွဲရွှင်ပွဲစီစဉ်သူ မကောင်းဆိုးရွားအကြီးအကဲဆီ ခေါ်သွား၏။

မကောင်းဆိုးရွား အကြီးအကဲက ပန်းချီဆရာမလေး ပြောပြသည်ကို နားထောင်ပြီးနောက် ကျွန်တော့်ဘက်လှည့်ပြီး. . .

"ခင်ဗျားပြောတဲ့ အထိမ်းအမှတ်တံဆိပ်ဆိုတာ ဘယ်လိုဟာမျိုးလဲ ဘာအတွက်လဲ"

"ကျွန်တော်တို့ လူ့လောကမှာတော့ အထိမ်းအမှတ်တံဆိပ်လို့ခေါ်တဲ့ လိုဂို (Logo) တွေ အမျိုးမျိုးရှိကြတယ်ဗျ။ ဥပမာပြောရရင်. . . စာရေးဆရာအဖွဲ့ရဲ့ တံဆိပ်က 'လက်သီး'ဗျာ။ စီးပွားရေးသမားတွေ ဖွဲ့ထားတဲ့ အသင်းကတော့ 'လှေကား'တံဆိပ်ဗျာ။ အဓိပ္ပာယ်ကတော့ နင်းပြီးတက်မယ်လို့ ဆိုလိုတာပေါ့။ ဂျာနယ် ထုတ်ဝေရေးအဖွဲ့အစည်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ကျတော့ 'ဘောလုံး' ပုံဗျ။ ဒီလိုပဲ အမျိုးမျိုးရှိတာပေါ့ဗျာ"

မကောင်းဆိုးရွား အကြီးအကဲက ကျွန်တော် ပြောသမျှကို နားထောင်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ သူက အလေး အနက် စဉ်းစားပြီးမှ. . .

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ကျွန်တော်တို့အတွက် အထိမ်း အမှတ်တံဆိပ်ဟာ မကောင်းဆိုးရွားတွေ အားလုံးကို ကိုယ်စားပြုတဲ့ အခိပ္ပာယ်မျိုးဖြစ်ရမယ်ပေါ့. . . "

"ဒါပေါ့. . . "

ကျွန်တော်က ထောက်ခံလိုက်သည်။

မကောင်းဆိုးရွားအကြီးအကဲကနှုတ်ခမ်းကိုကိုက်ကာ တွေးနေ၏။ ထို့နောက်. . .

"အဲဒီလိုမျိုး အခိပ္ပာယ်ပြည့်တဲ့တံဆိပ်ပုံစံသတ်မှတ်ဖို့ဆိုတာ လွယ် တော့ မလွယ်ဘူးဗျ"

သက်ပြင်းတစ်ချက် လေးလေးပင်ပင်ချရင်းပြောသည်။ ထို့နောက် တစ်ဆက်တည်း. . .

"ခင်ဗျားတို့လူ့လောကမှာကောအဲဒီ အထိမ်းအမှတ်တံဆိပ်တွေ ကို ဘယ်သူတွေကထုတ်လုပ်သလဲ"

"ကျွန်တော်တို့ဆီမှာတော့ အထိမ်းအမှတ် တံဆိပ် (Logo) ပုံစံရေးဆွဲတဲ့ ဒီဇိုင်းပညာရှင်တွေ သတ်သတ်ရှိပါတယ်။ သူတို့ဆီ အပ် လိုက်ရုံပဲ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးရွားအကြီးအကဲ၏ လေသံက အားတက်သရော ဖြစ်လာသည်။ သူကပင် ဆက်၍. . .

"ဒါဆို ကျွန်တော်တို့အတွက် မကောင်းဆိုးရွားတံဆိပ်ကိုကော ခင်ဗျားတို့ လူ့ပြည်က ဒီဇိုင်းပညာရှင်တွေဆီမှာ အပ်ပေးလို့ရမလား။ ရနိုင်မယ်ဆိုရင် ကူညီပါလားဗျာ"

ကျွန်တော်က အနည်းငယ် ငြိမ်သက် စဉ်းစားနေလိုက်ပြီး နောက်. . .။

"ရတော့ရပါတယ်။ ဒါပေမဲ့ ငွေကြေး အကုန်အကျတော့များ လိမ့်မယ်နော်"

"ကိစ္စ မရှိပါဘူး၊ ကျွန်တော်တို့ မကောင်းဆိုးရွားတိုင်းပြည်မှာ ရွှေသားအစစ်ပဲသုံးတယ်၊ ကုန်ကျစရိတ်အတွက် ရွှေသားနဲ့ပေးချေရင် ဖြစ်တယ်မဟုတ်လား"

"သိပ်ဖြစ်တာပေါ့"

"ဒါဆိုရင် ကျွန်တော့်ကို စရန်ပေးလိုက်မှာလား"

မကောင်းဆိုးရွားအကြီးအကဲက ခေါင်းညိတ်သည်။

"ယူသွားပါ၊ ခင်ဗျား အသုံးလိုမယ် ထင်သလောက်သာ ယူပါ။ ကျွန်တော် ခင်ဗျားကို ဘဏ်က အကြီးအကဲနဲ့ တွေ့ပေးပါမယ်"

သည့်နောက်ပိုင်းကိစ္စများကတော့ လွယ်လင့်တကူပင် ဖြစ်ပွားသွားခဲ့သည်။ မကောင်းဆိုးရွား အကြီးအကဲ၏ရှေ့မှောက်တွင် လက်မှတ်ထိုးပြီး ရွှေသား ပေါင်သုံးထောင်ကို စရန်အဖြစ်ထုတ်ယူသည်။ ထို့နောက် ပျော်ရွှင်ပေါ့ပါးစွာဖြင့်ပင် လူ့လောကသို့ ကျွန်တော်ပြန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးရွားများ၏ ပွဲတော်သို့ သွားရောက်ခဲ့ခြင်းအတွက် ကျွန်တော့်မှာ အရှုံးမရှိပါ။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

သင့်အထင်မှန်ကန်ပါသည်။ ထို မကောင်းဆိုးရွားကောင်များ၏ ကိစ္စကို အပြင်ပန်းခံ၍ ကိုယ်ဖိရင်ဖိ လိုက်လံဆောင်ရွက်ပေးစရာ ကျွန်တော့်မှာ ဘာအကြောင်းမှ မရှိပါ။ ကျွန်တော် လုပ်ရမည့်အလုပ်မှာ သူတို့၏ ရွေသားပေါင်သုံးထောင်ကို ကျွန်တော့်စိတ်ကြိုက် သုံးစွဲပစ်လိုက်ပြီးနောက် သူတို့ကို အတွေ့မခံဘဲ ရှောင်နေဖို့သာဖြစ်၏။

ကျွန်တော့်လုပ်ရပ်ကို မတရားဘူးဟု ဘယ်လူသားက လာရောက်စွပ်စွဲမလဲ။ ဘယ်သူမှ မစွပ်စွဲကြပါ။ အရာရာတိုင်းသည် အေးအေးဆေးဆေးပင် ဖြစ်၏။ မကောင်းဆိုးရွားများအတွက် အထိမ်းအမှတ်တံဆိပ်ဆိုသည်မှာ ဘယ်တော့မှ ပေါ်ပေါက်လာစရာ အကြောင်းမရှိတော့။

ကျွန်တော် စိတ်အေးလက်အေးပင် နေထိုင်သုံးဖြုန်းနေခဲ့သည်။ သို့သော် တစ်နှစ်ကျော်ကျော်မျှအကြာတွင် မကောင်းဆိုးရွားများက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခြေရာခံမိသွားကြ၏။ ကျွန်တော်နှင့်ပက်ပင်းဆုံမိသော အုပ်စုထဲတွင် ပွဲတော်မှာတုန်းက ဆုံခဲ့သည့် မကောင်းဆိုးရွားပန်းချီဆရာမလေးလည်း ပါပါသည်။

သူတို့က ကျွန်တော့်ကို အတိအလင်းပင်ပြောသည်။

"ခင်ဗျား. . . ကျွန်တော်တို့ဆီက လိမ်ညာပြီးယူသွားတဲ့ ရွှေတွေ ပြန်ပေးပါ"

သည်နေရာတွင် ကျွန်တော်၏ လူပီသမှုကို ပြသရတော့မည်ဖြစ်သောကြောင့် ကျွန်တော်က အလျှော့မပေးဘဲ မျက်နှာပြောင်တိုက်ပြီး ငြင်းလိုက်သည်။

"မပေးနိုင်ဘူး၊ ခင်ဗျားတို့မကျေနပ်ရင် တရားစွဲပြီးတောင်းပေါ့"

ကျွန်တော့်စကားကြောင့် သူတို့ စိတ်ရှုပ်သွားကြ၏။ တရားစွဲသည်ဟူသော ဝေါဟာရကို သူတို့နားလည်ပုံမပေါ်ပါ။ မကောင်းဆိုးရွားမလေးက. . .

"ဘယ်သူ့ဆီမှာ တရားသွားစွဲရမှာလဲ"

"ကျွန်တော်တို့ လူ့လောကမှာတော့ ဒီလိုကိစ္စမျိုးကို ကိုယ်စောင့်နတ်နဲ့ တရားစီရင်လေ့ရှိတယ်"

"ဒါဆို ရှင့်ကိုယ်စောင့်နတ်ကို ခေါ်လိုက်ပါ"

ကျွန်တော့်ဖိတ်ခေါ်သံအဆုံးမှာပင် ဝတ်ရုံကိုလွှမ်းခြုံထားသော ကျွန်တော့်ကိုယ်စောင့်နတ် ဘွားကနဲပေါ်လာသည်။

ဝတ်ရုံအနီစပေါ်တွင် 'မျက်စိတစ်ဘက်မှိတ်ပြနေသောပုံ' ကို ထင်ထင်ရှားရှား ပြထားသည်။ ထို 'မျက်စိတစ်ဘက်မှိတ်ပြနေသော'



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားသည် ကျွန်တော့်ကိုယ်ပိုင်တံဆိပ် Logo ဖြစ်ပါသည်။

"ဘာတွေဖြစ်ကြလို့လဲ"

စတင်မေးမြန်းသည်။ မကောင်းဆိုးရွား ပန်းချီဆရာမလေးက လွန်ခဲ့သည့်တစ်နှစ်ကျော်က သူတို့၏ပွဲတော်ကျင်းပရာသို့ ကျွန်တော် ရောက်ရှိလာသည်မှ နောက်ဆုံး ရွှေသား ပေါင်သုံးထောင်ကို လိမ်လည် ရယူသွားသည်အထိဖြစ်သည်။

ကိုယ်စောင့်နတ်က ကျွန်တော့်ကို . . .

"ဟော့ကောင်. . . သူတို့ပြောတာ ဟုတ်သလား"

ဟုမေး၏။ ကျွန်တော် ဘာမှ ပြန်မပြောဘဲ မျက်စိတစ်ဘက်သာ မှိတ်ပြလိုက်၏။ အဓိပ္ပာယ်မှာ 'မင်းနဲ့ ငါတစ်ယောက်တစ်ဝက်ဟု' ဆိုလိုပါ သည်။

ကျွန်တော် အချက်ပြလိုက်ခြင်းကို သဘော ပေါက်သွားသော ကိုယ်စောင့်နတ်သည် ခေါင်းညိတ်ပြပြီးနောက် မကောင်းဆိုးရွားများ ဘက်သို့ လှည့်၍. . .။

"အဟမ်း အဟမ်း. . . ဒီကိစ္စကဆုံးဖြတ်ရလွယ်လွယ်လေးပါ။ မင်း တို့တွေဟာ မကောင်းဆိုးရွားတွေဖြစ်ကြတယ်။ အဲဒီတော့ မင်းတို့ အပေါ်မှာ ခေါင်းပုံဖြတ် မတရားတာတွေကို တကယ်လုပ်ခဲ့ရင်တောင်မှ အဲဒီလိုလုပ်ရပ်ဟာ တရားတယ်လို့ ဆုံးဖြတ်ရမှာပဲ။ မင်းတို့ဟာ ဒီလို အဖြစ်မျိုးနဲ့ပဲ ထိုက်တန်တယ်။ မင်းတို့ခံရသမျှဟာ တရားတယ်လို့ပဲ မှတ်လိုက်ကြပါ။ ဘာကြောင့်လဲဆိုတော့ မင်းတို့ဟာ မကောင်းဆိုးရွား တွေ ဖြစ်နေကြလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အဆုံးအဖြတ်ပေးပြီးနောက် ကျွန်တော့် ကိုယ်စောင့်နတ်က ကျွန်တော့်ကိုမျက်စိတစ်ဘက်မှိတ်ပြပြီး ပျောက်ကွယ်သွားလေတော့သည်။

ကျွန်တော်က အောင်နိုင်သူတစ်ယောက်၏ အပြုံးမျိုးဖြင့် 'ကဲ. . . ဘာတတ်နိုင်ကြသေးလဲ'ဟု အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်၏။

မကောင်းဆိုးရွားများက ဘာမှမပြောကြပါ။ တစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားသလိုမျိုး တိတ်ဆိတ်နေကြသည်။ အတန်ကြာမှ မကောင်းဆိုးရွား ပန်းချီဆရာမလေးက . . .

"ပွဲတော်မှာတုန်းက ရှင့်ကို ကျွန်မ မေးတာ မှတ်မိသေးရဲ့လား။ မကောင်းဆိုးရွားဆိုတာဘာလဲ' ဆိုတဲ့ မေးခွန်းလေ။ ကျွန်မတို့ကို ရှင်တို့လူသားတွေကပဲ မကောင်းဆိုးရွားလို့နာမည်တပ်တယ်။ ပြီးတော့ အဲဒီလို မကောင်းဆိုးရွားဖြစ်နေလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ ကျွန်မတို့ အပေါ်မှာ စီရင်ချက်ချတယ်။ ကဲ. . . ရှင်တို့ဘာသာပဲ ပြန်စဉ်းစားကြည့်စမ်းပါဦး။ လူသားဟာ မကောင်းဆိုးရွားထက်တောင်မှ ပိုဆိုးရွားနေပါလား"

ထို့နောက် သူတို့ပြန်သွားကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်ထပ် ခြောက်လခန့်ကြာသောအခါ သူတို့၏ပွဲတော်သို့ ကျွန်တော် နောက်တစ်ကြိမ် ထပ်ရောက်သွားပြန်သည်။

ဒီတစ်ခါတွင်တော့ မကောင်းဆိုးရွားများတွင် ကိုယ်ပိုင်အမှတ်တံဆိပ်ရှိနေပြီဖြစ်၏။

သူတို့တံဆိပ်က 'မျက်စိတစ်ဘက် မှိတ်ပြနေသောပုံ' ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် မျက်စိတစ်ဘက်မှိတ်ပြတတ်သူများ နှင့် ကြုံမိလျှင် သင်တို့ သတိထားသင့်ကြောင်းပြောလိုပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ဆေးစိမ်ထားသော အလောင်းကောင်များ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

သူမသည် ငယ်စဉ်ကတည်းကပင် ရေမွှေးတို့ကို စိတ္တဇဆန်ဆန် နှစ်မက်စွဲချစ်တတ်ခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## ပစ္စုပ္ပန်

စတိုးဆိုင်မှအထွက် ပလက်ဖောင်းပေါ် အဖြတ်တွင် ထူးခြားဆန်းသစ်သလိုရှိသောရနံ့တစ်မျိုးကို ရလိုက်သောကြောင့် သူမခြေလှမ်းများ တုံ့သွားကာ ဖျတ်ခနဲလှည့်ငေးမိ၏။ အကျီဝတ်မထားသည့် အလုပ်ကြမ်းသမားတစ်ဦး၏ကျောပြင်မှ ချွေးစီးကြောင်းများကို မြင်လိုက်ရသည်။

ရင်ထဲတွင် ဝမ်းနည်းသလိုလိုဖြစ်လာ၏။ စက္ကန့်အတန်ကြာအောင် သူမ ငိုင်နေမိသည်။

စီတန်းရပ်ထားသော ကားခေါင်မိုးများပေါ် နေရောင်စူးစူးကျလျက်သားရှိသည်။ ကားတစ်စီးနှင့်တစ်စီးကြား လစ်ဟာနေသည့်နေရာကျဉ်းကျဉ်းကလေးများထဲတွင်သာ အရိပ်သည် သိမ်ငယ်စွာ ခိုဝင်နေ၏။

ခင်ပွန်းဖြစ်သူက လက်ကို ဖွဖွဆွဲယူလိုက်မှန်း ခံစားသိဖြင့် သူမ သိလိုက်သည်။ ဖြတ်ခနဲ သူမ သတိပြန်ဝင်လာ၏။ ခင်ပွန်းဖြစ်သူက. .



www.burmeseclassic.com

www.burmeseclassic.com



"လာလေကွယ်. . . ဆို့တီ ဘာတွေငေးနေတာလဲ" ဟု မေးပြော ပြောသည်။ သူမ မကြားသလိုလို ကြားသလိုလိုရှိ၏။

●



www.burmeseclassic.com

www.burmeseclassic.com



## အတိတ် (၁)

ထိုဉည့်သည်ချွတ်ချလိုက်သော အင်္ကျီကို ကြမ်းပြင်ပေါ်မှ အသာအယာကောက်ယူလိုက်ပြီး တရှိုက်မက်မက် နမ်းရှုပ်သွင်းယူမိ၏။

ရေမွှေးများနှင့်ပတ်သက်သည့် သူမ၏ရှုးသွပ်မှုဆန်ဆန် ခံစားချက်ကို နားလည်မထားသော ထိုဉည့်သည်က သူမကို နားမလည်သလို တစ်ချက်လှမ်းကြည့်သည်။ သူမက နူးနူးညံ့ညံ့ ပြန်ပြုံးပြလိုက်ရင်း "မွှေးလို့" ဟု ဖြေပြောပြောကာ အင်္ကျီကို ထပ်၍ နမ်းလိုက်ပြန်သည်။ ဉည့်သည်က အရေးမကြီးသလို ခပ်ပေါ့ပေါ့ ရယ်မောပစ်လိုက်ရင်းက. . .

"အဲဒီရေမွှေးက BURBERRY လေ. . .၊ တစ်ပုလင်းကို နှစ်သိန်း ကျော်လောက်ပေးရတယ်"

သူမ ပခုံးကို တစ်ချက်တွန့်လိုက်မိ၏။ အသက်လေးဆယ်ကျော်ရှိသာ ရှိဦးမည်ဟု ခန့်မှန်းရသော ထိုဉည့်သည်ကို တစ်ချက်စူးစူးစိုက်စိုက်ကြည့်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှာတံပေါ်ပေါ်နှင့် ညိုသော သူ့အသားအရေသည် ခြောက်ဆယ်ဝပ်အားမီးသီး၏ အလင်းအောက်တွင် ကြေးနီရောင်ထနေသည်။ ပါးလျားစေ့စပ်သော နှုတ်ခမ်းများနှင့် ညီညာသွယ်လျသည့် မေးရိုးများက အပြင်အပသွင်ပြင်အားဖြင့် သူ့ကို ခန့်ညားနေစေသည်။

သို့တိုင် သူမအနေဖြင့်ကား အထင်ကြီး လေးစားစိတ် လုံးဝမရှိတတ်တော့ပြီ။ လေးသောင်းငါးထောင်ဝန်းကျင်မျှ တန်ဖိုးရှိမည်ဟု ခန့်မှန်းရသော ထိုပါတိတ်ဆင် ရှပ်အင်္ကျီကို သူမက မီးအုပ်ဆောင်းလေးနံဘေးက စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး. . . မများလွန်းဘူးလား. . .။

လူတွေဟာ မွေးတာချင်းအတူတူ ဘာဖြစ်လို့ ဈေးကြီး ပေးဝယ်ရတဲ့ရေမွှေးကိုမှ ရွေးပြီး ဆွတ်ချင်ရသလဲဆိုတာ ကျွန်မ အနေအထား ကျွန်မအဆင့်အတန်းကနေပြီး စဉ်းစားကြည့်ရင် အဖြေထွက်စရာအကြောင်းမရှိဘူး"

သူ့အသံအက်အက်ဖြင့် တစ်ချက်ရယ်၏။ ပြီး. . .

"ဒါကတော့ အမျိုးမျိုးရှိတာပေါ့ကွာ၊ ဒီဈေးကို မင်းအနေနဲ့ ဈေးကြီးတယ်လို့ ထင်ကောင်းထင်မယ်၊ ဒါပေမဲ့ ကိုယ်တို့အတွက်ကျတော့ အကြောင်းမဟုတ်တော့ပြန်ဘူး။ လူတွေကြားထဲကျရင် ရနံ့မွှေးတာချင်းတူတာတောင် တန်ဖိုးကြီးရေမွှေးဆွတ်နိုင်သူ တစ်ယောက်အနေနဲ့ ဂုဏ်တစ်မျိုးရှိတာပေါ့။ ကိုယ်တို့အတွက်တော့ အဲဒါဟာ. . ."

"ရှင်က အရောင်းအဝယ်သမားလား"

"ကျူရှင်ဆရာပါ"

ဟု ထိုသူက ခပ်ပေါ့ပေါ့ပင်ဖြေ၏။ သည်မျှ သုံးနိုင်ဖြုန်းနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်ဆရာသည် မထင်မရှား ကျူရှင်ဆရာပေါက်စတစ်ယောက် မဟုတ်လောက်သည်ကိုကား သူမ မှန်းဆတွေးမိသည်။

သို့သော် ကျောင်းသားများစွာတို့၏ အလေးအမြတ်ပြုရာ၊ အားထားရာ၊ ဦးညွတ်ရိုသေရာ "ဆရာ" ဟု အခေါ်ခံရသူတစ်ယောက် အနေဖြင့် သည်လိုပြုမူရခြင်းကိုမူ သူမ အံ့သြ ထိတ်လန့်နေမိ၏။

●



www.burmeseclassic.com

www.burmeseclassic.com



## အတိတ် (၂)

သည် "တစ်ယောက်" ကို မြင်စက သူမစိတ်ထဲတွင် ရင်းနှီးကျွမ်းဖူးသလိုပင် ထင်ဖြစ်သေးသည်။

နောက်တော့ လူချင်းသိကျွမ်းခဲ့ခြင်းမဟုတ်ဘဲ ထိုသူ့ရုပ်ပုံပါသော သီချင်းခွေမျက်နှာစာများနှင့်သာ ရင်းနှီးခဲ့ခြင်းဖြစ်ကြောင်း မှတ်မိနားလည်သွားရ၏။ နာမည်ကြီးမဟုတ်သေးသည့်တိုင် အတော်အတန်နာမည်ရနေသော အဆိုတော်တစ်ယောက်အနေဖြင့် သည်ကိုလာလိမ့်မည်ဟု သူမ ကြိုတင်စိတ်ကူးမထားမိသောကြောင့် အနည်းငယ် အံ့သြသလိုဖြစ်သွားရသေး၏။

သူ့မျက်နှာသည် သီချင်းခွေကာဗာများနှင့် ကြော်ငြာစက္ကူအရောင်လွှာများပေါ်ကထက် အနည်းငယ်ပို၍ ရင့်ရော်နေသယောင် ထင်ရပြီး အတန်ငယ်လည်း ညှိုးနွမ်းနေဟန်ရှိ၏။ အခန်းထဲသို့သူဝင်လာလျှင် ဝင်လာချင်း သိသာစွဲမက်ဖွယ်ကောင်းသော ရေမွှေးနံ့တစ်ခုပါ



www.burmeseclassic.com

www.burmeseclassic.com



အတူ တွဲပါလာ၏။

(ရေမွှေးအမျိုးအစားများကို စိတ်ဝင်စားတတ်သော သူမ၏ ဉာဉ်ကြောင့်ပဲဖြစ်ဖြစ်) အဆိုတော်တစ်ယောက်က ဘယ်လိုရေမွှေးမျိုး သုံးလိမ့်မည်ဆိုသည်ကို စပ်စုဖြစ်ခဲ့ခြင်းအတွက် သူမကိုယ်သူမ ကျေးဇူးတင်ရမည်ဖြစ်သည်။

ထင်းရှူးပင်တို့ စီတန်းစိုက်ထားသော နှင်းဖုံးတောအုပ်တစ်ခုအတွင်းမှ ဖြတ်သန်းသွားရသလိုမျိုး (သို့တည်းမဟုတ်) နှုတ်ခမ်းနီနီရဲရဲနှင့် ရောယှက်ကာ ချစ်သူတစ်ယောက်၏ သင်းပျံ့ပျံ့ဆံစတို့ကို အသာအယာ နမ်းရှိုက်ရသလိုမျိုး၊ နောက် မိုးရေစွတ်စိုနေသည့် ယူကလစ်တစ်ပင်မှ ထွက်သည့် ရနံ့စိမ်းစိမ်းကို အားပါးတရ ရှူသွင်းလိုက်ရသလိုမျိုး. . .

ခံစားချက်တစ်ခုခုကို ရစေတတ်သော သည်လိုရေမွှေးမျိုးအတွက် သူမှာ အန္တိုးအမြတ်တစ်စုံတစ်ရာရှိမှာတော့ သေချာသည်။

"ဒါ POLO Double Black ရေမွှေးလေ၊ တစ်လက်မလောက်ပုလင်းလေးတစ်ပုလင်းကို တစ်သိန်းခွဲပေးရတယ်"

ဧည့်သည်၏စကားအဆုံးတွင် သူမရင်ထဲမှာ အလိုမကျမှုတွေ ယိုစီးကျလာ၏။ စောဒကစကားတွေ အခြေအတင်ပြောဖြစ်နေကြပြန်သည်။ နောက်ဆုံးတွင် ဧည့်သည်က . . .

"ကိုယ့်ရဲ့ဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်အဆင့်မြင့်လာတာနဲ့အမျှ ကိုယ်ကလည်း ဆက်ဆံရေးသုံး အပိုပစ္စည်းတွေရဲ့တန်ဖိုးကို လိုက်မြှင့်ပေးဖို့ လိုအပ်တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်စုံတစ်ရာ တုံ့ပြန်မနေဖြစ်တော့။

သူမ အသေအချာ သတိပြုလိုက်မိသည်ကတော့ ရေမွှေး (သူ့အခေါ်အဝေါ်အရ ဆက်ဆံရေးသုံးပစ္စည်း) ဆွတ်ထားသည့် သူ၏ စပို့ရှပ်ကို အစိုးရိမ်မဲ့ ချွတ်ပစ်လိုက်ခြင်းပင်။

●



www.burmeseclassic.com

www.burmeseclassic.com



## အတိတ် (၃)

ခန္ဓာကိုယ်တွင်ရှိသော မွှေးရနံ့မဟုတ်။ အင်္ကျီတွင်သာ ဆွတ်ဖြန်းထားသောရနံ့။ အင်္ကျီချွတ်လိုက်သောအခါ ကိုယ်ခန္ဓာတွင် အနံ့ရှိမနေတော့။

"နှစ်သိန်းနီးပါးပေးရတာ၊ HUGO BOSS. . . လေ" ပုဂ္ဂိုလ်ကြီးက ပြောသည်။

သူမ ငေးရှုံသက်သက် ငေးကြည့်နေဖြစ်သည်။

သူမ၏အခန်းကျဉ်းလေးသည် ညှော်သည်ထံမှပါလာသော ရေမွှေးနံ့တို့ဖြင့် မွှးအီဖွယ်ကောင်းနေ၏။

ထိုညှော်သည်တို့ကို ကြိုဆိုရန် သူမကိုယ်တိုင် လောင်းချိုးခဲ့ရသော ပုပ်အဲ့အဲ့ရေမွှေးနံ့တို့ကြောင့်လည်း အခန်းကလေးသည် ဖော်မလင်ဆေးရည်စိမ်ထားသလို ဖြစ်နေသည်။

ရောဂါပိုးမွှားပေါင်းစုံတို့နှင့် ဖော်မလင်စိမ်ထားခြင်းခံရသော



www.burmeseclassic.com

www.burmeseclassic.com



အသုဘအလောင်းကောင်သည် သူမကိုယ်တိုင်ပင် ဖြစ်နေသလို ခံစားရ၏။

သူမ အခန်းပြတင်းတံခါးကို တွန်းဖွင့်လိုက်သည်။

မှောင်မြဲမှောင်နေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



## ပစ္စုပ္ပန်

"ဟော့. . . ဆွီတီ ဝင်လေကွာ၊ ဘာငိုင်နေတာလဲ"

ကားတံခါးကို ဆွဲဖွင့်ထားလျက်က ပြောလိုက်သော ခင်ပွန်းသည်၏အသံကို အသစ်လို တစ်ဖန်ပြန်ကြားရ၏။ သူမကားထဲသို့ ဝင်ထိုင်လိုက်သည်။

ကားရှေ့ခန်း ဒက်ရှ်ဘုတ်ပေါ်တွင် လူတွေမြင်အောင် တမင်တင်ထားလေ့ရှိသော ခင်ပွန်းဖြစ်သူ၏ ဦးထုပ်ခပ်ပြားပြားကို ငေးကြည့်နေမိပြန်သည်။

ခင်ပွန်းဖြစ်သူက စတိုးဆိုင်မှဝယ်လာသော ပစ္စည်းထုပ်ကို သူမပေါင်ပေါ်သို့ တင်ပေးရင်းက ကိုကိုဝယ်ပေးတဲ့ ပစ္စည်းတွေကြိုက်ရဲ့လား၊ ကြည့်ပါဦးဟု ပြော၏။

အထုပ်ကိုဖြေလိုက်သောအခါ ပစ္စည်းများအကြားမှ LANCOME ရေမွှေးတစ်ပုလင်းထွက်ကျလာသည်။ သူမ ရင်တွေခုန်နေ၏။ ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



သည် ဆက်ပြောနေသော စကားတို့ကို ကြားတစ်ချက် မကြားတစ်ချက်။

"ကိုကိုတို့ရုံးမှာ ဒီနေ့ အစည်းအဝေးရှိတယ်။ အိမ်ပြန်နောက်ကျရင် ထမင်းစားဖို့ စောင့်မနေနဲ့နော်။ စားထားနှင့်လိုက်"

ဟုတ်ကဲ့ကိုကို ဟု အလိုက်သင့် ပြန်ဖြေလိုက်ရင်း ရေမွှေးပုလင်းအဖုံးကို ဆွဲဖွင့်ဖြစ်သည်။ ကိုယ့်အဖေအရွယ်ခန့်ရှိသော ထိပ်ပြောင်ပြောင်နှင့် လူကြီးတစ်ယောက်ကို "ကိုကို" "ကိုကို" ဟု တဖွဖွခေါ်ရင်း ကိုယ့်အတိတ်ဟောင်းအကြောင်း သည်လူကြီး ဘယ်တော့သိသွားလေမလဲဟု တွေးလန့်နေရသည့် မိန်းကလေးတစ်ယောက်အဖြစ်ကို သူမဘာသာ ပြန်၍စိတ်နာနေမိသည်။

တစ်ဆက်တည်းမှာပင် ကိုယ့်ချွေးနံ့အပေါ် သိက္ခာလုံ့စွာဖြင့် လူကြားထဲဖြတ်လျှောက်သွားရဲသော စောစောက အလုပ်ကြမ်းသမား၏ဘဝကို တွေးကာ အားကျဖြစ်၏။

လောလောဆယ်တွင်တော့ သူမ၏ချွေးနံ့ကို ကြောက်လန့်တကြားဖုံးကွယ်ရန် ရေမွှေးပုလင်းခလုတ်ကို ရှူးခနဲမြည်အောင် နှိပ်ချလိုက်မိသည်။ သူမ၏ဘေးတွင်ထိုင်နေသော ထိပ်ပြောင်ပြောင်နှင့် ခင်ပွန်းသည်ကလည်း ရေမွှေးနံ့သင်းလျက်သား. . .။

■



www.burmeseclassic.com

www.burmeseclassic.com



**နိဂုံး**

ရေမွေးဆိုတာ လူတွေကြားထဲမှာ မိမိရဲ့ချွေးနံ့ကို ဖုံးကွယ်ဖို့ လိုအပ်တယ်လို့ ထင်တတ်သူတွေအတွက်ပဲလေ. . . ဟု သူမ ရေရွတ်ဖြစ်၏။ ယခုတော့ ထိုအဆိုကို ထောက်ခံမည့်သူဟူ၍ သူမ၏ တစ်ချိန်က အခန်းကျဉ်းကလေးသာရှိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ကျောရိုးမဲ့တဲ့ စိတ်နဲ့ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဆောင်းဥတုကို ငါ တွန်းဖွင့်လိုက်တယ် . . .

နှင်းပွင့်တွေကြားမှာ

ငယ်ငယ်တုန်းက အိပ်မက်တွေကို ပြန်တွေ့လေမလား။

အလွမ်းက အခါး ပေါ့နေလိုက်တာကွယ် . . .

ဒီဇင်ဘာညနေခင်းတစ်ခု၏ အလယ်ကောင်တည့်တည့်တွင် သူ ရပ်နေမိလျက်သားဖြစ်နေသည်ကို သတိပြုမိသွား၏။ မဲရီးခရစ္စမတ် ဟူသော အသံတွေကို ကြားရသည်။ ထင်းရှူးပင်ပုပုကလေးအပေါ်တွင် နှင်းတုတွေ အဆုပ်လိုက် အဆုပ်လိုက် ဖျန်းပက်ထားသည်ကိုမြင်ရသည်။ ရောင်စုံမီးလုံးသေးသေးကလေးများ၊ ဟော်လိုဂစ်တာသံများ၊ ရွှေရောင် ငွေရောင်လက်ပသော ပိုးကြိုးမျှင်စများ၊ နာကျင်တသ လွမ်းဆွတ်ရခြင်း တစ်ဝက်၊ ချိုမြိန်ခြင်းတစ်ဝက်ဖြင့် ရင့်မှည့်နေသောသစ်သီးများ၊ ခရမ်းနု ရောင်ရနံ့များ၊ ရုပ်ဖျက်ထားသောအတိတ်များ၊ ကကြိုးတန်ဆာဆင်မှုင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော အမုန်းလှလှများ၊ မဆုံးဖြစ်သေးသော အစများ နှင့် မစဖြစ် သေးသော အဆုံးများကို တွေ့ရသည်။

သူသည် အမုန်တကယ်ပင် ဒီဇင်ဘာညနေခင်းတစ်ခု၏အလယ် ကောင်တွင် ရောက်ရှိနေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

အနွေးထည်ကို သူ ကောက်ဝတ်လိုက်၏။ ဝတ်ပြီးမှ စိတ်ထဲတစ်မျိုးဖြစ်လာသည်။ ဘာလိုနေလို့လဲ. . . တစ်ခုခုလား. . . ဟင့်အင်း. . .။ ချက်ချင်းပင် သူ အိုက်စပ်စပ်ဖြစ်လာ၏။ ဟုတ်တာပေါ့။ ရာသီဥတုက အေးမှ မအေးတာဘဲ။ ဘာလို့ အနွေးထည်ဝတ်နေမှာလဲ။

သူ အနွေးထည်ကို ပြန်ချွတ်မည်ဟန်ပြင်ပြီးမှ နှမြောတသ သလိုခံစားရပြန်သည်။ တကယ်ဆို ဒီဇင်ဘာဆောင်းဟာ အနွေးထည်ဝတ်ထားဖို့ လိုအပ်နေရမယ်မဟုတ်လား။ ဟုတ်တယ်. . . အရင်တုန်းကတော့ ဟုတ်တာပေါ့။ အရင်တုန်းကတော့ ဆောင်းသည် စိမ့်နေအောင်အေးခဲ့သည်။ ဆွယ်တာဖြူဖြူများ၊ မာဖလာများ၊ သိုးမွေးခေါင်းစွပ်များ ကြားထဲထိ ရေခဲလေအေးအေး တိုးဝင်ခဲ့၏။

ချစ်သူ၏လက်ဖဝါးက သွေးကြောနီနီကလေးတွေ အအေးဒဏ်ကြောင့် ပျောက်သွားလေမလားဟုတွေးကာ ခဏခဏကိုင်ကြည့်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူချမ်းနေရှာမှာပဲလေ ဟုတွေးကာ သူ့လက်ဖဝါးကို ကိုယ့်ပါးမှာ တင်ပြီး ကိုယ်ငွေ့ဖြင့် အနွေးကင်ပေးခဲ့ရသည်။ ချစ်သူ၏နှာသီးဖျားမှာ တွဲလွဲ လာခိုနေသော နှင်းစက်ကလေးကို ခွင့်တောင်းပြီး အသာအယာ သုတ်ပေးခဲ့ရသည်။ လေထဲမှာ အဖြူရောင်ရေခဲမှုန်တွေလို့မြင်ရအောင် ပါးစပ်ဟကာ လေငွေ့တွေ တဟူးဟူးမှုတ်ထုတ်ပြီး ကစားခဲ့ကြဖူးသည်။

အခု အဲဒါတွေဘယ်မှာလဲ. . .။ အဆုတ်ထဲမှာ လေပူငွေ့တွေသာ ခိုအောင်းနေသည်။ 'အတွင်းအိုက်' အိုက်နေသည်ဟု ခံစားရ၏။ နုဖပ် ဖြူဆွတ်သောနှင်းပွင့်တွေ ဘယ်မှာလဲ. . .။ လေထဲကရေခဲရနံ့တွေက ဘယ်မှာလဲ. . .။ သံမဏိရောင်အပြာမွဲမွဲနဲ့ နူးညံ့တတ်တဲ့ညနေတွေ ဘယ်မှာလဲ. . .။

သူ မှားယွင်းစွာရှာဖွေနေသည်။ မြစ်ကမ်းနံဘေးမှာ နာရီကိုရှာဖွေ နေသော ထာဝရဘုရားသခင်နှင့်ဆုံလျှင် ပြောဖြစ်အောင်ပြောလိုက်ပါ။ ပျောက်နေတာတွေအများကြီးပဲ. . . လို့။ ဒိုင်ဩဂျီးနီး(စ်) အတွက် လက်နှိပ်ဓာတ်မီးတစ်လက် ရှာပေးလိုက်ပါဦးမည်။

သူ့စိတ်ကူးတွေ နာကျင်နေ၏။ စိတ်နာတယ်ဆိုတာ ဒါကိုခေါ်တာ လား။ အဝါရောင်ပန်းဖွားများနှင့် ကကြိုးဆင်ယင်ထားသော မြင်းဖြူ တစ်ကောင်၏ကျောပေါ်တွင် သူမကို မြင်လိုက်ရသည်။ အလွမ်းသစ်ပင် တွင် ခရမ်းရောင်အပွင့်များပွင့်နေ၏။ စိတ်တထင့်ထင့်နှင့် ကြည့်နေစဉ် မှာပင် မြေပြင်တစ်ခုလုံး ခရမ်းရောင်ဖုံးသွားသည်။ သေဆုံးသွားပြီးသော အကြည့်များ ပြန်လည်ပူနွေးလာကြပြီ။ အသံတိုးတိုး၊ ခပ်အုပ်အုပ်ရယ် လိုက်သံကြားရသည်။ ငါ့ကို မထားခဲ့ပါနဲ့. . . ငါ့ကို မထားခဲ့ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



မြုန်းစားကြီး အိပ်မက်မှလန့်အနိုးတွင် နုံးချည့်ရင်မောစွာ ကြောင်စီစီဖြစ်နေရ၏။ ခွေးဟောင်သံကြားရသည်။ ဟောင်လွန်းသောခွေးလူမလေးဟု ပြောကြသည်။ ဟောင်နေရုံဖြင့်မပြီးဘဲ ကိုက်ပြဖို့ပါ လိုအပ်နေသည့်သဘောပေါ့။

ကိုက်လွန်းသောခွေးဆိုရင်ကော. . . ဘာဖြစ်မလဲ။ ဘာဖြစ်သွားမလဲ။ ရိုက်သတ်ကြမှာလား။ ပိုဆိုးသွားနိုင်သည်။ နေပါစေ . . . ဟောင်နေတာပဲကောင်းပါတယ်။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

နှင်းပွင့်တွေ စီးဆင်းနေသော စမ်းချောင်းကလေးနံဘေးမှာ ရပ်နေသည်။

သူနှင့်သူ့အရိပ်သာ ရှိသည်။

တစ်ယောက်တည်းပါ။ ဘယ်သူမှ ပါမလာပါ။

ဆရာ အခေါ်ခံချင်လွန်းသူများကို ဆိုက်ကားနင်းစားဖို့ ထားရစ်ခဲ့ပြီ။ ဆိုက်ကားသမားဖြစ်လျှင်လည်း ဆရာ အခေါ်ခံရတာပဲ. . . မဟုတ်ဘူးလား။ သွားကြပေဦးတော့။ မှုန်ရီဖျော့ဖျော့ သတိရခြင်းများထဲမှာ သူတို့အတွက် နေရာ မပေးချင်တော့ပါ။ လွမ်းစရာဆိုသည်မှာ မုန်လာပင်လို မြေကြီးထဲတွင် ဥသော အမျိုးအစားဖြစ်သည်။ သူ့တစ်ကိုယ်လုံး နစ်နေခဲ့ရတာပါ။

သူ့တစ်ကိုယ်လုံး နစ်နေခဲ့ရတာပါ။ အဝါရောင်ချွဲပျစ်ပျစ်နဲ့ နေထိုင်မကောင်းဖြစ်ခဲ့ရတဲ့အထိ ကော့ညွှတ်နက်စိုသော မျက်တောင်အဖျားမှာ . . . ရွှေရောင်ဝတ်ဆံ ဝတ်မှုန်တွေအကြားမှာ. . . သင်္ကိုင်းပေါ် နားနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ငှက်တစ်ကောင်ရဲ့ ရင်အုပ်မွေးနုနုကလေးတွေအကြားမှာ. . . မြက်ပင် ရှည်တွေအကြားမှာ. . . စမ်းချောင်းကလေးရဲ့အနားမှာ. . . မှုန်ဝါးဝါး အိပ်မက်တွေအကြားမှာ . . . အဲဒါပါပဲ. . . သူနစ်နေခဲ့သည်။

သူနစ်နေခဲ့သည်။ ဘယ်လောက်ပင်နစ်နစ်. . . သူကတော့ သူ့ကို ဆွဲနှစ်ထားသော အရာအားလုံးကို မြတ်နိုးသည်။ ချစ်သည်။ လိုအပ်တာ ဒါပဲမဟုတ်ပါလား။ သူချစ်ပါသည်။ ကောင်းကင်ကြီးကိုလည်းကောင်း၊ သက်တံတို့ကိုလည်းကောင်း၊ ပန်းပွင့်များနှင့် စမ်းချောင်းကိုလည်း ကောင်း. . . သူချစ်သည်။ အင်ဒရူးဝိုင်းယက်၏ ပန်းချီကားများကို ချစ် သည်။ နောက်ပြီး. . . ခွေးစုတ်ဖွားကလေးကို ချစ်သည်။ တီဗီကြော်ငြာ မှာ ပြောင်စပ်စပ်လုပ်သောကောင်မလေးကို ချစ်သည်။

ကောင်းကင်၊ သက်တံနှင့် ပန်းပွင့်တွေကိုတော့ ထားလိုက်ပါ တော့။ သူတို့က လောကကြီး၏ ပြည့်စုံပြီးသား သဘာဝတရားများ ဖြစ်ကြသည်။ မြတ်နိုးစွာချစ်ပါ။ ထပ်မံဖြည့်စွက်စရာမလို၊ ပြင်ဆင် စရာမလို. . .။ ပန်းချီကားများနှင့် ကဗျာများကတော့. . . လူ့ယဉ်ကျေး မှုနှင့် သူရဲကောင်းရုပ်တုများ ဖြစ်ကြသည်။ လေးစားကြည်ညိုစွာချစ်ပါ။ ခွေးစုတ်ဖွားကလေးကတော့ ဘာမှမဟုတ်။ သူ့အသွင်အပြင်အရ ချစ် စရာကောင်းသောကြောင့် ဘာမှ ထွေထွေထူးထူး စဉ်းစားနေစရာ မလိုဘဲ သာမန်ကာလျှံကာ ချစ်လိုက်ခြင်းသာဖြစ်၏။ (အဲဒါ ခွေး အမေကြီးက ခဲခဲယဉ်းယဉ်း ဖန်တီးထားရတဲ့ အနုပညာလည်း ဟုတ်မှ မဟုတ်ပဲလေ)

တီဗီကြော်ငြာက ပြောင်စပ်စပ်ကောင်မလေးကရော. . .။ အဲ



www.burmeseclassic.com

www.burmeseclassic.com



. . . သူလည်း ဘာမှမဟုတ်။ ချစ်စရာကောင်းလို့ ချစ်တာဆိုရုံလေးပါပဲ။ သူ့ကိုလည်း ခွေးစုတ်ဖွားလေးနဲ့ အတူတူ ထားပေးလိုက်ကြပါ။ အနုပညာဆိုတာ လူကြိုက်လို့ကောင်းရုံလုပ်တာမဟုတ်မှန်း သိပါစေ. . .။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

အလွမ်းတွေက ဥဩဆွဲလိုက်တော့. . .

ငါ့တစ်ကိုယ်လုံး ရထားတွဲကြီးဖြစ်သွားတယ်. . .

ဘယ်ဘူတာမှာ ရပ်နားရမှာလဲ. . .

လမ်းတွေကို လျှောက်လျှောက်သွားရင်းနဲ့

နာမည်ခေါ်သံ ကြားမလားလို့ နားစွင့်နေမိတယ်. . .။

●



www.burmeseclassic.com

www.burmeseclassic.com



(၅)

ဒီဇင်ဘာညနေအိပ်မက်မှ ပြုန်းခနဲ လန့်နိုးလာသောအခါ လမ်းမပေါ်တွင် သူတောင့်တောင့်ကြီး ရပ်နေမိဆဲရှိသေးသည်။ စိတ်တွေမကြည်လင်သေး၊ ညနေက ပူအိုက်နေဆဲ။ သူ သည်းမခံနိုင်တော့သောကြောင့် ဝတ်ထားသောအနွေးထည်ကို ချွတ်ပစ်လိုက်၏။

ဘာဖြစ်လို့ ဟောဒီဆောင်းဟာ ဒီလောက်တောင်ပူအိုက်နေရတာလဲ။ နှင်းမြူတွေလည်း မဝေ၊ သဇင်တွေလည်း မပွင့်။ အား. . . ဘာကြီးလဲဟ။ ညက မီးရောင်အောက်တွင် မိတ်ကပ်ခြယ်လိမ်းကာ ထိုင်မသိမ်းအင်္ကျီ၊ ဇလာထဘီနှင့် လှပသည်ဟုထင်ခဲ့သော ရွှေမင်းသမီးလေးတစ်ဦးကို နောက်တစ်နေ့ နေ့လယ်တွင် မျက်နှာကအပြောင်သား၊ ပိတ်ကြမ်းအင်္ကျီ၊ ချည်ထဘီနှင့် မြင်လိုက်ရ၍ စိတ်ပျော်ကျသွားသလိုမျိုး ခံစားရသည်။ သည်နှစ်ဆောင်းကိုလည်း. . . သူ သည်လိုပင်ခံစားရ၏။

ငယ်ငယ်တုန်းကဆောင်းကတော့ အတိတ်ဇာတ်ခုံပေါ်က ရွှေမင်းသမီးလေးတစ်ပါးပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ . . .

အခုတော့ ဆောင်း. . . ဘာဖြစ်သွားတာလဲ။ အယ်နီညိုကြောင့်လား။ ဟုတ်နိုင်ပါသည်။ သူတော့ ရေနွေးစီးကြောင်းတွေအကြောင်း ကောင်း ကောင်းမသိ၊ ပထဝီလည်း မသင်ခဲ့ဘူး။ ကမ္ဘာကြီး လုံးသည် ဆိုခြင်းကိုပင် သူများပြောသံကြားမှ သိခဲ့ရခြင်းသာဖြစ်သည်။ ယခု အချိန်အထိ လက်ခံရကောင်းနိုး၊ လက်မခံရကောင်းနိုး ဖြစ်နေဆဲရှိသေး၏။ ကဲ. . . ပြော. . . ကမ္ဘာကြီးလုံးတာ ဘယ်သူမြင်ဖူးလို့လဲ။ ရပ်ကွက်ထဲမှာ လိုက်မေးတော့လည်း တစ်ယောက်မှ မြင်ဖူးသူမရှိ။ သည်ကိစ္စကို မျက်မြင်သက်သေရှိမှ လက်ခံရကြေးဆိုလျှင် ခက်မကုန်ဘူးလား။

တစ်ခါတစ်ခါ တချို့ကိစ္စများသည် အတော်ပြောရခက်ပါသည်။ ကမ္ဘာကြီးလုံးတာ မမြင်ဘူး၍ လက်မခံချင်ဘူးဆိုသူတွေကိုခေါ်ကာ ဥမ္မာ ဒန္တီပျို့ကို ဖတ်ပြချင်သည်။ ဥမ္မာဒန္တီပျို့ ကိုရေးသော မင်းလှကျော်ခေါင်သည် သူကိုယ်တိုင် ဥမ္မာဒန္တီကို မမြင်ဘူးပါဘဲ. . . သူရေးတာကျတော့ လက်ခံကျတယ်. . .။

လက်ခံတယ်ဆိုတာကရော. . . ဘာလဲ။ 'လက်' ကို 'ခံ' ခြင်း မဟုတ်တာတော့ သေချာပါသည်။ စိတ်ဖြင့် အတည်ပြုရသည့်ကိစ္စရပ်ကို ဖော် ပြသည့်စကားရပ်တွင် 'လက်' ဆိုသော ဝေါဟာရကြီး ပါနေသည်ကို စဉ်းစားကြည့်ကြပါ။ ဘာမှလည်းမဆိုင်။ အူကြောင်ကြောင်နှင့်။ စကားလုံးများသည် အတော် ကမောက်ကမ နိုင်ပါသည်။

အမေရိကားမှပြန်လာသော မိတ်ဆွေတစ်ယောက်က . . .



www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက် - ထိုမိတ်ဆွေသည် အညာသား မြန်မာစစ်စစ်သာ ဖြစ်ပါသည်)

'မင်းတို့ဆောင်းတွင်းကလည်း ပူလိုက်အိုက်လိုက်တာကွာ၊ ငါတို့ သူငယ်ချင်းတွေစုပြီး ချောင်းသာဖြစ်ဖြစ်၊ ငပလီဖြစ်ဖြစ် သွားရအောင်၊ ပင်လယ်ရေကိုကြည့်နေရရင် ဘယ်လောက်ကောင်းမလဲ။ မင်းတို့ တစ် ယောက်တစ်သောင်းစီပဲထည့်။ ကျန်တာအားလုံး ငါစိုက်ပါ့မယ်'

ဘုရား. . . ဘုရား. . . တစ်သောင်းတဲ့။ ထိုမိတ်ဆွေကို ကုလား ထိုင်မှာ ကြိုးဖြင့်တုပ်ထားပြီး တစ်နေ့လုံး စိမ်ပြေနပြေ နားရင်းရိုက်ချင် စိတ် ပေါ်လာသည်။ 'တစ်သောင်း. . .' တဲ့။('ပင်လယ်ရေကြည့်ချင်လို့' . . . တဲ့။ ဤစာဖတ်မိသူများထဲမှ တစ်ယောက်ယောက် ပင်လယ် ကမ်းခြေဘက်ရောက်ဖြစ်လျှင် အုန်းမှုတ်ခွက်တစ်ခွက်စာလောက် ခပ် ယူလာပေးပါ။ ပင်လယ်ရေကို ကြည့်ချင်သည်ဆိုသော ထိုမိတ်ဆွေကို ပြရန်ဖြစ်ပါသည်)

မည်သို့ပင်ဖြစ်စေ . . .

အယ်နီညိုကို နားလည်လည် မလည်လည်၊ လက်ခံသည်ဆိုသော ဝေါဟာရသည်လည်း ကမောက်ကမ ဖြစ်ဖြစ်၊ မဖြစ်ဖြစ်၊ ပင်လယ်ရေကို သွားကြည့်ရန် ပိုက်ဆံတစ်သောင်းရှိရှိ မရှိရှိ. . . မည်သို့ပင်ဖြစ်စေ. . .။

ထိုမိတ်ဆွေပြောသည့်အတိုင်း ဆောင်းကတော့ တကယ်ပင် ဆောင်းနှင့်မတူကြောင်း သူ လက်ခံလိုက်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၆)

နေရိပ်လာမှာကို နေပူကစောင့်ရတယ်ဆိုသော စကားပုံကို သူ ကြားဖူး၏။ သို့သော် သူရပ်စောင့်နေသောနေရာသည် သဲကန္တာရဖြစ်နေ သည်။ သူ မည်မျှပင် စောင့်စောင့်. . . နေရိပ်က မလာပါ။ ပင်လယ်ရေ ကိုကြည့်ချင်သော အမေရိကားပြန် မိတ်ဆွေက သူ့နံဘေးမှ ဖြတ် သွား၏။

ထိုမိတ်ဆွေ ထီးတစ်လက် ဆောင်းထားသည်ကို သူ မြင်ဖြစ် အောင်ကို မြင်မိလိုက်သေးသည်။

'နေရိပ်လိုချင်ရင် ထီးတစ်လက်ဝယ်ရတယ်ကွ' ဟု သူ့ကို လှမ်း အော်ပြောသွားသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၇)

အလင်းမရှိတဲ့နေရာမှာ ငါ့ကို စိုက်ပျိုးပါကွယ်။

ဆိပ်ဖလူးပန်းရနံ့တွေ လေထဲမှာ မသင်းပျံ့၊ မဝေ့ဝဲ။ မြေကြီးထဲ တိုးဝင် ကုပ်တွယ်နေသော သစ်မြစ်တွေမှာ နှင်းရည်စိုသော သဲမှုန်တွေ လူးမနေ၊ တံစက်မြိတ် အစွန်းအောက်တည့်တည့်ကမြေမှာ နှင်းကျရာ ချိုင့်ခွက်နေသည်များကို မမြင်ရ။စိမ်းမြသောသစ်ရွက်တို့အကြားတွင် လိမ္မော် ရောင် အရှက် တစ်ခု ပုန်းခိုနေ၏။ မြက်ပင်ရှည်ရှည်တွေအဖျား မှာ ပုစဉ်းရင်ကွဲတစ်ကောင် နားနေသည်။ မိုးချုပ်တော့မည်လား၊ မိုး မချုပ်သေးဘူးလား၊ ပါးလျားနူးညံ့သော အလှတရားကို ပတ္တမြားရဲတိုက် ဖြင့်ထားကာ ပူဇော်ပါမည်။ ပိုးချည်မျှင်သက်သက်ဖြင့် ဆောင်းကို ရက်လုပ်ပေးကြပါ။ လာသူတွေလည်း လာကြ၊ သွားသူတွေလည်း သွား ကြပေါ့။

●



www.burmeseclassic.com

www.burmeseclassic.com



(၈)

လက်မှနာရီကိုကြည့်လိုက်တော့ ခြောက်နာရီသာသာပင် ရှိသေးသည်။ အပြင်အပမှ ဝန်းကျင်ခပ်သိမ်း မှောင်မိုက်နေပြီ။ ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေသူအချင်းချင်းပင် လူလုံးမကွဲချင်တော့။ သူ့နှုတ်မှ လွှတ်ခနဲ ညည်းလိုက်သည်။

'အစောကြီးပဲရှိသေးတယ်။ မှောင်လှချည်လား၊ ခုနစ်နာရီလောက်ပဲရှိသေးတယ် အောက်မေ့နေတာ'

သူ့ဘေးနားရပ်နေသည့် မိတ်ဆွေက . . .

'ဆောင်းတွင်းလေဗျာ၊ နေ့တာ တိုတာကိုး၊ အဲဒါကြောင့် စောစောမှောင်တာ'

သူရင်ဘတ်ထဲကနှလုံးသားသည် လေနှင့်ထိသည့်ကော်လို ခြောက်သွေ့သွားပြီ။

●



www.burmeseclassic.com

www.burmeseclassic.com



(၉)

နုဖပ်ဖြူဆွတ်သော နှင်းပွင့်တွေ၊ လေထဲကရေခဲနံ့တွေ၊ ယုန်မွေး ဆွယ်တာဖြူဖြူတွေ၊ အဝါရောင်ဝတ်ဆံဝတ်မှုန်နဲ့ ပန်းပွင့်တွေ၊ သိုးမွေး ခေါင်းစွပ်နဲ့ ချမ်းလွန်းလို့တုန်နေတဲ့ ချစ်သူရဲ့လက်ဖဝါးနုနုတွေ၊ မြောက် ပြန်လေက သယ်ပွေ့လာတဲ့ ခရမ်းရောင်အိပ်မက်တွေ. . . အားလုံး အားလုံး. . . မြတ်နိုးစရာကောင်းတာတွေအားလုံး. . . ပျောက်ရှဆုံးပါး သွားခဲ့ပြီ . . .။

ဆောင်းနဲ့တူတာဆိုလို့. . .

အမှောင်စောတာတစ်ခုပဲရှိတော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



သင်သိသမျှ ဖြည့်စွက်ထည့်သွင်းရေးသားပါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဒေါ်မွေးထားသော ခွေးကလေးနှစ်ကောင်အနက် အထီးလေးတစ်ကောင်၏အမည်မှာ တိုးပွားဖြစ်ပြီး အမလေးကိုတော့ မိနက်ဟု ခေါ်သည်။ မိနက်သည် ဒေါသကြီးသည်ဟုပဲ ပြောရမလား စွာသည်ဟုပဲ ပြောရမလား မသိပါ။

ခြံရှေ့မှာဖြတ်သွားသော လူတွေကို မိနက်က တဝုတ်ဝုတ်နှင့် စူးစူးဝါးဝါး ထိုးဟောင်လေ့ရှိသည်။ ခြံရှေ့ဖြတ်သွားသော လူဟုဆိုရာတွင် ကျွန်တော့်ခြံတစ်ခြံကျော်တွင်နေထိုင်သော ဦးမျိုးသိန်း ဆိုသူပါပါသည်။

ဦးမျိုးသိန်းဆိုသူမှာ နာရီပြင်သူတစ်ဦးဖြစ်သော်လည်း သူကိုယ်တိုင် ဘယ်တော့မှ လက်ပတ်နာရီ ဝတ်ဆင်ခြင်းမရှိပါ။ သူ့အိမ်ရှိ တစ်လုံးတည်းသော တိုင်ကပ်နာရီမှာလည်း အမြဲတမ်း ရပ်တန့်လျက်သာရှိသည်။ ထိုတိုင်ကပ်နာရီမှာ ဦးမျိုးသိန်း၏ဇနီးဖြစ်သူ ဒေါ်ကောင်စိန်၏



www.burmeseclassic.com

www.burmeseclassic.com



အဘိုးက အမွေပေးထားခဲ့ခြင်းဖြစ်သည်ဟု ပြောသံကြားဖူး၏။

ဒေါ်တင်စိန်၏အဘိုးဖြစ်သူကိုတော့ မိနက်က လုံးဝ ပေါင်ခြင်းမရှိပါ။ မိနက်ကို မမွေးခင်ကပင် ဒေါ်တင်စိန်၏အဘိုးက ကွယ်လွန်သွားနှင့်ခဲ့သောကြောင့်ဖြစ်သည်။

မိနက်ကို မမွေးခင်ဟူသော အချိန်ကာလသည် တိုးပွားကိုလည်း မမွေးသေးခင်အချိန်ကာလဖြစ်ကြောင်း သတိပြုစေချင်သည်။ အဘယ်ကြောင့်ဆိုသော် မိနက်နှင့်တိုးပွားသည် အသက်အရွယ်ချင်း သိပ်မကွာသောကြောင့်ဖြစ်သည်။

တိုးပွားကိုမွေးမြူဖို့ ကျွန်တော့်အဒေါ်ကိုလာပေးသူမှာ အန်တီလူစီ ဟုခေါ်သော အဒေါ်ကြီးတစ်ယောက်ဖြစ်သည်။ အန်တီလူစီသည် လူချမ်းသာရပ်ကွက်တစ်ခုတွင် နေထိုင်သော သူလိုကိုယ်လို မိန်းမကြီးတစ်ယောက်ဖြစ်၏။ အန်တီလူစီနှင့် အလားတူ သူ့လိုကိုယ်လို မိန်းမကြီးအချို့သည် အတူတွဲ၍ ဖဲကစားကြသည်။ အတင်းပြောကြသည်။ များစွာ မလိုအပ်လှသော ပစ္စည်းအချို့ကို ထင်ရာမြင်ရာ ဝယ်ခြမ်းရင်း ပိုက်ဆံဖြုန်းကြသည်။ သူတို့ မကြာခဏ ဈေးဝယ်ထွက်ကြသည့်နေရာမှာ ဘန်ကောက် နှင့် စင်္ကာပူနိုင်ငံများဖြစ်ကြ၏။ မိနက်နှင့်တိုးပွားတို့သည် ဘန်ကောက် ကိုသော်လည်းကောင်း၊ စင်္ကာပူ ကိုသော်လည်းကောင်း မရောက်ဘူးကြပါ။

တိုးပွားနှင့် မိနက်တို့ မကြာခဏ သွားလေ့ရှိသောနေရာမှာ ကျွန်တော်တို့ ရပ်ကွက်အစွန်ရှိ အမှိုက်ပုံကြီးဝန်းကျင်နှင့် ထိုအနီးရှိ အောင်မင်္ဂလာချောင်းကူးတံတားကြီးဆီသို့သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်သူရပ်ကွက်သားများကလည်း တိုးပွားနှင့် မိနက်တို့လာကြစေဖို့ရန် ရည်ရွယ်ပြီး တံတားဆောက်ခဲ့ကြခြင်းမဟုတ်ပါ။ သို့သော် တိုးပွားနှင့် မိနက်ကို မလာစေရန် မည်သူကမှလည်း နှင်လွှတ်ခြင်းမရှိပါ။ နှင်လွှတ်သူမရှိသော်လည်း တိုးပွားသည်လည်းကောင်း၊ မိနက်သည်လည်းကောင်း ထိုနေရာသို့ သွားမြဲ သွားကြပါသည်။

တံတားကြီးအနီးသို့ သူတို့သွားရသည့် ထူးခြားသော အကြောင်းရင်းတစ်ခုမှာ တံတားနှင့်မလှမ်းတွင်ရှိသော ခြံဝင်းကျယ် တိုက်အိမ်ထဲမှ သန္တာထွန်းဆိုသည့် ကောင်မလေးငယ်ငယ်လေးတစ်ယောက်က တိုးပွားနှင့် မိနက်ကို တစ်ခါတစ်ရံ ထန်းလျက်ခဲများ ပစ်ကျွေးတတ်ကြသောကြောင့်ဖြစ်၏။

တိုးပွားနှင့်မိနက်တို့သည် ထန်းလျက်ခဲကိုကြိုက်၏။ ထို့ကြောင့် သူတို့သည် သန္တာထွန်းကိုကြိုက်၏။ သန္တာထွန်းဆိုသော ကောင်မလေးမှာ ခြံအကျယ်ကြီးနှင့် တိုက်အိမ်ပိုင်ရှင် ဦးဘထွန်း၏သမီး ဖြစ်သည်။

သူ့သမီး၏ထန်းလျက်ခဲများမှာ ဦးဘထွန်း၏ ပိုက်ဆံများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဦးဘထွန်းသည် သူ့ချမ်းသာသမျှ ပိုက်ဆံတွေအကြောင်း မမေ့မလျော့အောင် မကြာခဏ ပြောတတ်သည်။ အောင်မင်္ဂလာချောင်းကူးတံတားကြီး ဆောက်စဉ်အခါက သူ့အနေဖြင့် ငွေငါးသောင်းတိတိ လှူခဲ့ဖူးကြောင်း လူတွေ မမေ့အောင် သူ ခဏခဏ ပြောသည်။

လူတွေကလည်း မမေ့ပါ။ နာဂစ်မုန်တိုင်းဖြစ်တုန်းက ဦးဘထွန်း၏ အိမ်ဆောက်ပစ္စည်းများမှ သွပ်တစ်ချပ်လျှင် တစ်သောင်းရှစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မတန်တဆ ဈေးကြီးပေးဝယ်ခဲ့ရသည်ကိုလည်း မမေ့ပါ။

ဦးဘထွန်း ပို၍ပို၍ ချမ်းသာသွားခဲ့သည်ကိုလည်း လူတွေက မမေ့ကြပါ။ လူတွေသည် အမှတ်သညာ အတော်ကြီးကြပါသည်။

လူတွေဆိုသည်မှာ ကျွန်တော်တို့ရပ်ကွက်ကလူများကို ဆိုလိုခြင်းဖြစ်ပါသည်။ ရပ်ကွက်လူများဆိုသော်လည်း နေထိုင်သမျှလူအားလုံးကိုတော့ ကျွန်တော်မသိပါ။ ထို့အတူ တိုးပွားနှင့် မိနက်ကလည်း ရပ်ကွက်ထဲမှ လူအားလုံးကို မသိပါ။ မသိသောကြောင့်သာ အကြော်ရောင်းသည့် ကောင်မလေးတစ်ယောက်ကို တိုးပွားက ကိုက်မိခြင်းဖြစ်ပါသည်။ ဒေါသကြီးပြီး ဟိန်းတတ်ဟောင်တတ်သည့် မိနက်က မကိုက်ဘဲ ခပ်အေးအေးနေတတ်သည့် တိုးပွား က ကိုက်ခြင်းသည် အကယ်စင်စစ် အံ့သြဖွယ်ကောင်းသော်လည်း ရက်ကွက်ထဲတွင် အကြော်သည်မလေးတစ်ယောက်ခွေးကိုက်ခံရသည့်သတင်းမှာ အံ့သြစရာမဟုတ်သလိုပင် ဖြစ်သည်။

ခွေးကိုက်ခံရသော အကြော်သည်မလေး၏အမည်မှာ မသန်းနုဖြစ်ပြီး ခြေတစ်ဖက် မသန်သော မီးကင်းစောင့်ကြီး ဦးဂျော်နီ၏သမီးဖြစ်ပါသည်။ ဦးဂျော်နီက ခွေးကိုလည်းကောင်း၊ ခွေးပိုင်ရှင်ဖြစ်သူကျွန်တော့်အပေါ်ကိုလည်းကောင်း အပြစ်မတင်သော်လည်း အများကြီးညည်းတွားပါသည်။

ဦးဂျော်နီညည်းတွားသည်မှာ သူ့သမီးအတွက် ဆေးဝါးကုသရမည့် ကုန်ကျစရိတ်၊ သူ့သမီး ဈေး ပြန်မရောင်းနိုင်မီအထိ ကာလအတွင်းဆုံးရှုံးရမည့် နေ့စဉ်ဝင်ငွေ၊ လူမမာကိုပြုစုရမည့် အပိုကုန်ကျမှုများအကြောင်းဖြစ်၏။ သူပြောနေသမျှမှာ ပိုက်ဆံအကြောင်းတွေချည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ဦးကျော်နီသည် ငွေစကားပြောသူဖြစ်ပါသည်။ ကျွန်တော့်အခေါ်က ထိုကုန်ကျစရိတ်များအားလုံးကို တာဝန်ယူမည်ဟုပြောလိုက်သောအခါ ပြဿနာအားလုံး ပြေလည်သွားပါသည်။ ဦးကျော်နီသည် ငွေလိုအပ်နေသောကြောင့် ငွေစကားပြောသူဖြစ်၏။

ငွေစကား မပြောသူမှာ အရက်ဆိုင်ပိုင်ရှင် ဒေါ်ခင်ပြုံးဖြစ်ပါသည်။ ဒေါ်ခင်ပြုံးကိုကိုက်သူမှာ တိုးပွားလည်းမဟုတ်သလို မိနက်လည်းမဟုတ်ပါ။ အထည်ချုပ်စက်ရုံ အလုပ်သမ စမ်းစမ်းအေးအိမ်မှ ခွေးဝဲစားလေးတစ်ကောင်က ကိုက်လိုက်ခြင်းဖြစ်ပါသည်။

ဒေါ်ခင်ပြုံးက ငွေစကားမပြောပါ။ တရားစွဲမည်ဟု ပြောပါသည်။ ဒေါ်ခင်ပြုံးက မည်သို့သောကိစ္စများတွင် မည်သို့သော ဩဇာတိက္ကမရှိသည့် မည်သို့သော ရာထူးဌာနန္တရပိုင်ရှင်များနှင့် မည်သို့မည်ပုံ ရင်းနှီးပတ်သက်သည့်အကြောင်း ပြောပါသည်။ ထိုသူများကို ဒေါ်ခင်ပြုံးကပြောလိုက်လျှင် စမ်းစမ်းအေးတစ်ယောက် ချက်ချင်း အဖမ်းခံရပြီးထောင်ကျသွားနိုင်ကြောင်း ပြောပါသည်။

စမ်းစမ်းအေးကတော့ မည်သည့် ဩဇာတိက္ကမ ရှိသူနှင့်မှ မသိမကျွမ်းပါ။ စမ်းစမ်းအေး ကျွမ်းသည်မှာ သူ့လိုမျိုး နေ့စားအလုပ်သမလေးများဖြစ်ပါသည်။ ထိုနေ့စားအလုပ်သမများတွင် မပြုံးဆိုသူ မိန်းကလေးတစ်ယောက် ပါဝင်သည်။ ထို မပြုံးဆိုသူကို အငယ်အနှောင်းလိုလို၊ ခြေတော်တင်သလိုလို ခရီးကြုံ ခြေဆော့လက်ဆော့ လုပ်ခဲ့သူမှာ အန်တီလူစီ၏ယောကျ်ား ဖြစ်လေသည်။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မပြုံးဆိုသူမှာ မခင်ပြုံးမဟုတ်ပါ။ မခင်ပြုံးက အရက်ဆိုင်ပိုင်ရှင်သာဖြစ်သည်။ မခင်ပြုံးကို တရား မစွဲအောင် ဖျောင်းဖျသူမှာ ဦးသိန်းမျိုးဖြစ်ပါသည်။ ဦးသိန်းမျိုးသည် နာရီ မပတ်သူ နာရီပြင်ဆရာ ဦးမျိုးသိန်းမဟုတ်ပါ။ ဦးသိန်းမျိုးသည် နာရီ မပြင်ပါ။ တိုက်ပုံအင်္ကျီဝတ်ပြီး အလှူခံထွက်သည်။

တိုးပွားနှင့် မိနက်တို့က အလှူခံကို မဟောင်ကြပါ။ ဦးသိန်းမျိုး အလှူခံသည့်အခါ ဒေါ်ခင်ပြုံးက ပိုက်ဆံအမြောက်အမြား ထည့်လေ့ရှိပါသည်။

စင်ကြယ်သွားသည်ဆိုခြင်းမှာ ဆင်ကြယ်ဖိနပ်ကို ဆိုလိုခြင်းမဟုတ်ပါ။ ဆင်ကြယ်ဖိနပ်စီးသူမှာ ကန်ထရိုက်လုပ်ငန်းရှင် ဦးဖြိုး ဖြစ်၏။ ဦးဖြိုးသည် သူဌေးပီပီ စကားပြောလျှင် သိန်းချီပြီးပြောလေ့ရှိသည်။

ကျွန်တော့်အဒေါ်သည်လည်း စကားပြောလျှင် သိန်းချီပြီး ပြောလေ့ရှိပါသည်။ သူ့မြေးကလေးချစ်သိန်း ကို ချီရင်း ပြောလေ့ရှိသောကြောင့်ဖြစ်၏။ တကယ်တော့ ချစ်သိန်းသည် တိုးပွားတို့ မိနက်တို့နှင့် ကစားဖော်ကစားဖက် ဖြစ်ပါသည်။

တိုးပွားနှင့် မိနက်တို့ ကစားသည်ကို ကန်ထရိုက်တာ ဦးဖြိုး၏ တိုက်အိမ်ရှေ့မှာလည်း မကြာခဏ တွေ့ဖူးပါသည်။ မီးကင်းစောင့်ကြီး ဦးဂျော်နီ ခြေတစ်ဖက် မသန်ရခြင်းအကြောင်းမှာ ဦးဖြိုး၏ ကန်ထရိုက် တိုက်တွင် ပန်းရန်လုပ်ရင်း တိုက်ပေါ်မှ ခြေချော်ပြီး ပြုတ်ကျသောကြောင့်ဖြစ်၏။ ဦးဖြိုးက ဦးဂျော်နီအတွက် ဆေးဖိုးဝါးခနှင့် လျော်ကြေးအဖြစ် ပိုက်ဆံ သုံးသောင်းပေးသည်ဟု လူတွေကပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဂျော်နီကတော့ ဘာမှမပြောပါ။ ဦးဂျော်နီသည် အန်တီလူစီနှင့် မောင်နှမအရင်းဖြစ်၏။ တိုးပွားနှင့် မိနက်တို့တွင် မောင်နှမ ရှိ/မရှိ ကျွန်တော် မသိပါ။

ကျွန်တော်တို့ရပ်ကွက်ထဲတွင် ပုံစံ ၁၀ နှင့် မှတ်ပုံတင် လိုက်လံစစ်ဆေးကာ စာရင်းလုပ်သူမှာ ဦးသိန်းမျိုးဖြစ်ပါသည်။ ပုံစံ ၁၀ အတည်တကျမရှိဘဲ လေလွင့်နေထိုင်သူမှာ ရပ်ကွက်ထဲမှ အရက်သမား မိုးဇော်ဖြစ်၏။ မိုးဇော် အရက်မူးလာသည့်ညများတွင် တိုးပွားနှင့် မိနက်တို့က ဟောင်ကြပါသည်။

BURMESE CLASSIC

မုန်တိုင်းကျသည့် နံနက်လင်းအားကြီးအချိန်တွင် အိမ်ထဲက အိမ်ပြင်သို့ မည်သူမှ မထွက်ရဲစဉ်မှာ လမ်းပေါ် ရောက်နေသူက မိုးဇော်တစ်ယောက်တည်းသာ ဖြစ်သည်။ မုန်တိုင်းကြောင့် လွင့်ပါသွားသော သွပ်ပြားများကို လိုက်လံကောက်ယူပြီး ဖရိုဖရဲ အမိုး လန်နေသည့် အိမ်များဆီသို့ ပြန်လည်ပို့ဆောင်ဝေငှပေးခဲ့သူဖြစ်၏။ ဒီတာဝန်ကို သူ့ကို မည်သူကမှ မပေးပါ။ သူ့ဘာသာ လုပ်ခြင်းသာဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်တွင် မိုးဇော်တစ်ယောက် အအေးမိပြီး ဆုံးသည်။ အရက်သမားတစ်ယောက် ဝင်္ကျွတ်သွားပြီဟု ရပ်ကွက်ထဲမှ လူတွေက ပြောကြ၏။ မိုးဇော်ဆုံးသည့်ညက တိုးပွားနှင့် မိနက်တို့ ရှည်ရှည်လျားလျား ဆွဲဆွဲငင်ငင် အူကြသည်။ အထည်ချုပ်စက်ရုံ အလုပ်သမ စမ်းစမ်းအေးက ကူငွေ ငါးရာ ထည့်သည်။ အကြော်သည်မလေး မသန်းနုက နှစ်ရာ ထည့်သည်။ မိုးဇော်သောက်နေကျ အရက်ဆိုင်ပိုင်ရှင် ဒေါ်ခင်ပြုံးက အရက်ကြွေးတွေ အများကြီး ဆုံးသွားသည်ဟု ညည်းညည်းညူညူပြောရင်း ပိုက်ဆံသုံးထောင် ထည့်ပါသည်။ ဦးသိန်းမျိုး၏ ကြီးကြပ် လမ်းညွှန်မှုဖြင့် အသုဘချသည်။ ရက်လည် မုန့်ဟင်းခါးကျွေးသောအခါ ဦးဘထွန်းနှင့် ဦးဖြိုး တို့ လာစားကြပါသည်။ အန်တီလှရှိန်နှင့် ဦးကျော်နီ တို့ မောင်နှမသည် ထိုရက်လည်ပွဲတွင်ဆုံသော်လည်း တစ်ယောက်ကို တစ်ယောက် စကား မပြောကြပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ချမ်းသာပြီး တစ်ယောက်က ဆင်းရဲသောကြောင့် ဖြစ်မည်ထင်သည်။ တိုးပွားနှင့် မိနက်တို့ကတော့ ချမ်းသာသူကိုရော ဆင်းရဲသူကိုပါ ဟောင်ကြပါသည်။

ရက်လည်ဆွမ်းကျွေးမှ ဟင်းအကျန်အသိုးများကို ခွေးကျွေးပစ်သည့်အခါ မိနက်က အားပါးတရ စားသော်လည်း တိုးပွားက သိပ်မစားပါ။ ရက်လည်မှာကျွေးသည့် မုန့်ဟင်းခါးကိုချက်သူမှာ ဒေါ်တင်စိန်ဖြစ်ပြီး အဆိုပါ ဒေါ်တင်စိန်ဆိုသူမှာ ဦးမျိုးသိန်း၏ဇနီး ဖြစ်ပါသည်။

တိုးပွားနှင့် မိနက်အကြောင်းကို ပြောပြနေသူမှာ ကျွန်တော်ဖြစ်ပြီး ဒီဝတ္ထုကို ဖတ်နေသူမှာ သင် ဖြစ်ပါသည်။

မင်းခိုက်စိုးစန်



www.burmeseclassic.com